# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၀)


**ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး**

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှုအန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

## မော်တော်ယာဉ်မောင်းနှင်မှုအား "စုံ" ရက်၊ "မ" ရက် ခွဲခြားမှုမရှိဘဲ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပါကြောင်း ပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ခြင်း

**နေပြည်တော်၊ စက်တင်ဘာလ ၉ ရက်**

၁။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် "စုံ" ရက်များတွင် စုံနံပါတ် အက္ခရာပါသော ယာဉ်များနှင့် "မ" ရက်များတွင် မနံပါတ်အက္ခရာပါသော ယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စက်သုံးဆီသုံးစွဲမှုသည် ပုံမှန်တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာပြီး ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လည်ပတ်စေရန်တို့အတွက် အထက်ပါထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှစတင်၍ ပယ်ဖျက်လိုက်သည်။

၃။ မော်တော်ယာဉ်များအား "စုံ" ရက်၊ "မ" ရက် ခွဲခြားမောင်းနှင်မှု အစား ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပါကြောင်းနှင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်း စနစ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော "စုံ" / "မ" ရက်စနစ်– QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်သမ္မတရုံး



## ခရီးသည်တင် မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၉

ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် သတ်မှတ်ခွင့်ပြုထားသည့် ကုန်စည် ၁၄ မျိုးသာ တင်ဆောင်ရမည့် ကုန်တင်ယာဉ်ကြီးများသည် Telematics GPS စနစ် တပ်ဆင်ပြီးမှသာ လမ်းအသုံးပြုခွင့်ရမည် ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❐

**ယနေ့** ဖ တ် စ ရာ

**တတိယအကြိမ် ပြည်သူ့လွှတ်တော်ခရီး . . .**

ဆောင်းပါး ➢ ၆

**ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း ➢ ၈



## သပိတ်ကျင်းမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ မြစ်ရေစတင်ပေးဝေ

သပိတ်ကျင်း စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များတွင် မြစ်ရေပေးဝေနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေပေးဝေရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဒေါ်အေးအေးဝင်းနှင့် ဝန်ထမ်းများက ရေစက်ရုံအမှတ်(၂) နှင့် ရေတွန်းစက်ရုံအမှတ်(၁)သို့ မော်တာနှင့်ပန့်များ သယ်ယူတပ်ဆင်ခြင်း၊ မီးကြိုးများသွယ်တန်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် အရည်အသွေးစစ်ဆေးရေးအဖွဲ့က ရေပေးဝေရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၅ ✳

## တွန်းဇံမြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးသွားသည့် နေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ပြုပြင် ဆောက်လုပ်လျက်ရှိ

**တီးတိန် စက်တင်ဘာ ၉**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် တွန်းဇံမြို့တွင်း မီးလောင်ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့် ဌာနဆိုင်ရာရုံးများ ပြန်လည်ပြုပြင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် စာမျက်နှာ ၃ ကော်လံ ၁ ❖

## အထူးကုဆေးကုသရေးအဖွဲ့ မကွေးမြို့၌ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေး စက်တင်ဘာ ၉

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး (ခုတင်၅၀၀) ရန်ကုန်နှင့် ကလေးဆေးရုံကြီး ရန်ကုန်တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦးပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဒေသခံပြည်သူများအား အထူးကွင်းဆင်းဆေးကုသပေးခြင်းကို စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုခရီးစဉ်တွင် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ၊ နှလုံးဆေးကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နှင့်အာရုံကြော စာမျက်နှာ ၃ ကော်လံ ၅ ❍



## ညီညွတ်ရေးက အရေးကြီး

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ သုတေသနနှင့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီ တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ပြောကြားသည်။



ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတွေ့ဆုံစဉ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲ လျော့နည်းလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ ပလတ်စတစ်နှင့် အမှိုက်ပြဿနာများ စသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ပိုမိုရှုပ်ထွေးများပြားလာပြီး ရာသီဥတုပြောင်းလဲမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းသာမက စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တော၊ ကျန်းမာရေး၊ ရေအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ စီးပွားရေးနှင့် လူမှုဘဝအားလုံးကို ထိခိုက်စေနိုင်သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်လာခြင်းကြောင့် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုအရေးကြီးလာကြောင်း၊ သို့ဖြစ်ပါ၍ သစ်တောကဏ္ဍသည် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု သဘာဝပတ်ဝန်းကျင် ထာဝစဉ် တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတရေးတို့ကို အကျိုးပြုရာတွင် အရေးပါသောကြောင့် တက္ကသိုလ်တက်ရောက်စဉ်ကတည်းက သစ်တောနှင့်ပတ်သက်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာပညာများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူလေ့လာ၍ အရည်အချင်းပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ်ရုံးအစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ဖွဲ့စည်းပုံ၊ စာသင်ကြားပေးမှု အခြေအနေနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မည့် အဆောက်အအုံများ၏ မြေနေရာ ရွေးချယ်ထားမှု အခြေအနေများအားတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် နှစ်ထပ်စာသင်ဆောင် တည်ဆောက်မည့်နေရာ၊ Recreation Center တည်ဆောက်မည့် နေရာနှင့် ကျောင်းသားအိပ်ဆောင် တည်ဆောက်မည့်နေရာတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များ၏ မြေနေရာ အခြေအနေနှင့် ထိခိုက်ပျက်စီးသည့် နေအိမ်အဆောက်အအုံများ၏ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွန်းဇံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင် ဆောက်လုပ်ရန် တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လုပ်ငန်းရှင်များ တင်ပြသည့် အခက်အခဲများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ ပြန်လည်ပြုပြင်ဆောက်လုပ်နေသည့် လမ်းဦးစီးဌာန ဉ္ဇေ့ရိပ်သာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး အကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော တီးတိန်-တွန်းဇံသွားလမ်းပေါ်ရှိ ဗျဲလ်ကျင်း တံတားပြန်လည်ပြုပြင်တည်ဆောက်ထားမှု အခြေအနေကို သွားရောက်စစ်ဆေး၍ တံတားကြံ့ခိုင်မှုနှင့် ခံနိုင်ဝန်အားတို့အတွက် ဖြတ်သန်းသွားလာသည့် ယာဉ်များနှင့် ကုန်ပစ္စည်း အလေးချိန်များ သတ်မှတ်ချက်ထက် မကျော်လွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ *ရှေ့ဖုံးမှ*

ရေပေးဝေခြင်းကို စက်တင်ဘာ ၇ ရက်တွင် ကဘဲ့ရပ်ကွက်ကိုလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ဆိပ်ကမ်းရပ်ကွက်ကိုလည်းကောင်း မြစ်ရေစတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ *ရှေ့ဖုံးမှ*

ဆေးကုသမှုဆိုင်ရာရောဂါ၊ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အသည်းဆေးကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ၊ ဆီးနှင့်ကျောက်ကပ် ဆေးကုသမှုဆိုင်ရာရောဂါ၊ အဆုတ်နှင့် ရင်ခေါင်း ဆေးကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောအဆစ်ရောဂါ၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါ၊ ကလေးသွေးနှင့် ကင်ဆာရောဂါများဖြင့် လာရောက်ပြသသော မကွေးတိုင်းဒေသကြီးအတွင်းရှိ စုစုပေါင်းဒေသခံပြည်သူ ၂၀၉၈ ဦးတို့ကို စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့ပြီး အထူးခွဲစိတ်ကုသမှုလိုအပ်သည့် လူနာများနှင့် အထူးကုသမှု ဆက်လက်ခံယူရန်လိုအပ်သည့် လူနာများအား သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်နိုင်ရေး ချိတ်ဆက်စီစဉ် ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❒ *ရှေ့ဖုံးမှ*

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematics စနစ် GPS စက်များ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ခရီးသည်တင် မော်တော်ယာဉ် ၃၅၂၅ စီး၊ ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် စီလမ်းဆုံ တိုးဂိတ်ရှိ Telematics Command & Control Center က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသည့် ခရီးသည်တင် မော်တော်ယာဉ်များ သတ်မှတ်အရှိန်နှုန်း (ကီလို ၉၀) အတွင်းသာ မောင်းနှင်စေရေး၊ ယာဉ်မရပ်ရသည့်နေရာများတွင် ရပ်တန့်မှုမရှိစေရေးတို့အတွက် တယ်လီဖုန်းဖြင့် သတိပေးခြင်းကို (၂၄) နာရီ ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ Telematics Command & Control Center ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော် လမ်းပိုင်း) ရှိ တိုးဂိတ်များရှိ CCTV အခန်းများ၊ ငွေကောက်ခံမှုစနစ်များ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ထားမှု၊ ကတ္တားပေါ်၌ မော်တော်ယာဉ်များ အခြင်အတွယ်၍ ဖြတ်သန်းမောင်းနှင် သွားလာနေမှုနှင့် တိုးဂိတ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုးဂိတ်အဆောက်အအုံများကို သတ်မှတ်အင်္ဂါရပ်များနှင့်အညီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များ သတ်မှတ်တန်ချိန်ကျော်လွန်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊ တိုးဂိတ်ရှိ TFI Display Board များ၊ Barrier မောင်းတံများ၊ ကတ္တားများ၊ CCTV Camera များ၊ Computer နှင့် ဆက်စပ်ပစ္စည်းများ အမြဲတမ်းကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ပစ္စည်းများ ပျက်စီးမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်၊ လမ်းအသုံးပြုခ ကောက်ခံရရှိမှု စာရင်းဇယားများ စနစ်တကျ မှန်ကန်မှုရှိစေရန် မှာကြားသည်။

အဆိုပါ ခရီးစဉ်အတွင်း ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ / ယာတို့၌ သစ်ပင်စိုက်ပျိုးနေမှုနှင့် ဆွာချောင်းတံတား (အသွားလမ်း) တည်ဆောက်ရေး လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျုံမငေးမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်း၌ အဆိုပါကျောင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားကတ် ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် Bio-graphic/ Biometric ကောက်ယူကာ UID နံပါတ် ဆောင်ရွက်ခြင်းတို့ကို ယနေ့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင် ကျောင်းသားကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအတွက် အာဟာရမုန့်များ ပေးအပ်ခဲ့သည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် e-ID စနစ်အတွက် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို အသက် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသားကတ်မရှိသေးသူများအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ လည်းကောင်း၊ အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍လည်းကောင်း လမင်းစီမံချက်ဖြင့် စိစစ်ဆောင်ရွက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## သံအမတ်ကြီး ဦးမင်းသိမ်း ကူဝိတ်နိုင်ငံ အကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၉**

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို စက်တင်ဘာ ၈ ရက်တွင် ကူဝိတ်မြို့ရှိ ဘယန်နန်းတော်၌ ကူဝိတ်နိုင်ငံဘုရင် ရှိတ် မီရှာ အယ်လ်-အာမက် အယ်လ်-ဂျာဘား အယ်လ်-ဆာဘား ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (23rd AACC) အား Video Teleconference (VTC) ဖြင့်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (23rd AACC) ကို Video Teleconference (VTC) ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Haji Haszahaidi Bin Haji Ahmad Daud၊ ကမ္ဘောဒီးယားနိုင်ငံ လေတပ်စစ်ဦးစီးအရာရှိချုပ် Lieutenant General Kong Mony၊ အင်ဒိုနီးရှားနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono၊ လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Khamleu-angthep၊ မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Arthur M Cordura၊ စင်ကာပူနိုင်ငံ လေတပ်ဦးစီးချုပ် Major General Kelvin Fan Sui Siong၊ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha၊ တီမောလက်စ်တေနိုင်ငံ လေတပ်ဦးစီးချုပ် Colonel Helder Da Costa၊ ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Vu Hong Son နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Vice Commander ဖြစ်သူ Major General PABLO RUSTRIA JR က (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့ပြီး အာဆီယံလေတပ်များ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ဆိုင်ရာ video clip ကို ပြသသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Chief of Staff ဖြစ်သူ Major General Alvin M Hate က (၁၃) ကြိမ်မြောက် အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးရလဒ်များကို အစီရင်ခံတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသော အာဆီယံလေတပ်ဦးစီးချုပ်များက (၂၃)ကြိမ်မြောက် AACC ၏ဦးတည်ချက်ဖြစ်သော "ဘက်ပေါင်းစုံ အပြန်အလှန်ပူးပေါင်းချိတ်ဆက်မှုရှိသော အာဆီယံလေတပ်များဖြစ်ပေါ်လာစေရေး ဒေသတွင်းတည်ငြိမ်ရေးအတွက် တစ်စုတစ်စည်းတည်း ဆောင်ရွက်စို့" ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။







ဆက်လက်၍ သဘာပတိက (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းပြီး AACC အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် AACC Joint Statement အား အာဆီယံလေတပ်ဦးစီးချုပ်များက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။


ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး (၂၄) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးကို သဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris ကိုယ်စား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးထံသို့ AACC အထိမ်းအမှတ်ပစ္စည်းအား လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းနောက် မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့ကာ အာဆီယံလေတပ်ဦးစီးချုပ်များ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ စက်တင်ဘာ ၁၃ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။



မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။

**မိုး/ဇလ**

# ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်(CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry– CoI) တိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ CoI ကော်မရှင်၏ တိုက်တွန်းချက်များအပေါ် အလုပ်သမားရေးရာ ဥပဒေများပါရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များရရှိစေရေး ဆောင်ရွက်ပေးနေမှုများ၊ အလုပ်သမားအဖွဲ့အစည်းများ၏ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမှုများ၊ အမျိုးသားအဆင့် အခမ္ဘခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား(National Complaint Mechanism–NCM)ဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် အဖွဲ့ဝင်နိုင်ငံအနေဖြင့် ILO နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ILO ၏ (၃၅၈)ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့(Governing Body) အစည်းအဝေးသို့ တင်သွင်းမည့် မြန်မာနိုင်ငံဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာတွင် ထည့်သွင်းပြုစုနိုင်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ILO ၏ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO အဖွဲ့ဝင်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် လျစ်လျူရှု၍ မမှန်သတင်းများဖြင့် တစ်ဖက်သတ်စွပ်စွဲကာ မြန်မာနိုင်ငံအပေါ် လျှို့ဝှက်စောင့်ကြည့်ရေးယန္တရားတည်ထောင်ခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းအဝေးများကျင်းပကာ ဖိအားပေးသည့်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း။

၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးတွင် ILO ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအပေါ် အာတီကယ် (33) အရဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး ILO နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် အပြုသဘောဆောင် ဖြစ်ပေါ်လာမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် ILO အဖွဲ့ဝင်နိုင်ငံအဖြစ် အစည်းအဝေးများ ပြန်လည်တက်ရောက်ခွင့်ရရှိစေရေးအတွက် အာဆီယံနိုင်ငံများမှ အပြည့်အဝပံ့ပိုးပေးရန် ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဂျီနီဗာမြို့မှ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ်၊ ဘရပ်ဆဲလ်မြို့မှ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်

**မြစ်ကြီးနား စက်တင်ဘာ ၉**

ကချင်ပြည်နယ်မှ မျိုးဆက်သစ်လူငယ် ပြေးခုန်ပစ်အားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးနိုင်ရေးအတွက် မြို့နယ်ပေါင်းခြောက်မြို့နယ်မှလူငယ်အားကစားသမားများဖြင့်ကျင်းပသည့် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလားအသက် (၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်ဘောလုံးကွင်းအတွင်း ကျင်းပသည်။

ဦးစွာ မီတာ ၄၀၀ ကျား/မ အပြေးပြိုင်ပွဲနှင့် လက်ဆင့်ကမ်း ကျား/မ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အခြေခံပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက် ပေးကြသူများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ပညာရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးတို့က မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ ၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ မီတာ ၃၀၀၀ ကျား/မ အပြေးပြိုင်ပွဲများ၊ အလျားခုန်၊ အမြင့်ခုန်၊ သုံးဆင့်ခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား လည်ဆွဲဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မီတာ ၁၀၀ ကျား/မ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ရွှေ ၁၉ ခု၊ ငွေ ၁၀ ခု၊ ကြေး ရှစ်ခုရရှိခဲ့သော မြစ်ကြီးနားမြို့နယ် ပြေးခုန်ပစ်အသင်းအတွက် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြစ်ကြီးနားတက္ကသိုလ် ကျောင်းဝင်းအတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်နှင့် ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာနှစ် နှစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည့် ပေ(၁၆၈၊ ၉၀) သုံးထပ် RC တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် တက္ကသိုလ်အပန်းဖြေ ရိပ်သာ Recreation Centre နှစ်ထပ်အဆောက်အအုံသစ်များ တည်ဆောက်ရေးနှင့် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲ (ရမ်ပူ) ကျောင်းဝင်းအတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သွား မည့် ပေ(၁၄၀၊ ၃၀) RCC သုံးထပ် စာသင်ဆောင်သစ် တည်ဆောက်နိုင်ရေး ပန္နက်တင်အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့များ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၉**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေတို့ ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ အထောက်အကူပြုဝန်ထမ်းများပါဝင်သော အဖွဲ့သည် အိန္ဒိယနိုင်ငံ ပါလီမန် Parliamentary Research Information for Democracy အစီအစဉ်ဖြင့်ပြုလုပ်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်း "Capacity Development Programme" သို့ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ တက်ရောက်လေ့လာခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

စက်တင်ဘာ ၂ ရက်တွင် Parliament house ၌ အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ Mr. Shri Om Birla နှင့်လည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Shri Pabitra margherita နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများတွင် အိန္ဒိယနိုင်ငံပါလီမန်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေး၊ ကော်မတီစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီများ၊ မဲဆန္ဒနယ်မြေအတွင်းစီမံခန့်ခွဲမှု၊ ပြည်နယ်ဥပဒေပြုအပါအဝင် ပြည်နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး၊ ပါလီမန်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး MPLADS ယန္တရားနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံမှု၊ နိုင်ငံခြားရေးမူဝါဒ၊ ပါလီမန်အကြီးအမှူးများ၏ ခေါင်းဆောင်မှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့ပြင် UNESCO ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်နေရာများ၊ ပရာဒန်မန်ထရီ ဆန် ဂရာ ဟာရာပြတိုက်တို့ကိုသွားရောက်လေ့လာခဲ့သည်။

ယခုတက်ရောက်ခဲ့သည့် စွမ်းရည်မြှင့်သင်တန်းကြောင့် လွှတ်တော်၏ကဏ္ဍနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပြီး မြန်မာ–အိန္ဒိယ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော်ခရီး . . .

**တင့်ဝေ (အညာသား)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီ ရွေးချယ်တင်မြှောက်ပွဲကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရသက်တမ်းတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ခရီး စတင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသက်တမ်းတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ခရီး ဆက်လက်ခရီးနှင်ခဲ့ပါသည်။ ယခု တတိယအကြိမ် ပြည်သူ့လွှတ်တော်ခရီးကို ၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့ရာ ၎င်းကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီး ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။**

လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို ဖွဲ့စည်းခဲ့ပြီး လွှတ်တော်နှစ်ရပ်ပေါင်းစည်းထားသော ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ တတိယအကြိမ် လွှတ်တော်အစည်းအဝေးများကို ကျင်းပခဲ့ရာ ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

**လွှတ်တော်ဖွဲ့စည်းခြင်း**

လွှတ်တော်ဖွဲ့စည်းခြင်းအား လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် ၁၁၀ ထက် မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး တို့ဖြင့် အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းရမည် ဖြစ်ပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး ပထမပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဦးရေနှင့် ဝန်ကြီးဌာနအရေအတွက်များကိုလည်း သတ်မှတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတက အောက်ပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းခဲ့ကာ လွှတ်တော်က အတည်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊
(ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊
(ဂ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊
(ဃ) ပြည်ထောင်စုဝန်ကြီးများ၊
(င) ပြည်ထောင်စုရှေ့နေချုပ်၊
(စ) ပြည်ထောင်စုစာရင်းစစ်ချုပ်။

ယခုအခါ နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးယန္တရားများ ပုံမှန်စတင်လည်ပတ်နေပြီဖြစ်သည်။ လွှတ်တော်သည် နိုင်ငံတော်နယ်နိမိတ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု၏ နယ်နိမိတ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ စသည်တို့ကို ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေး၌ လွှတ်တော်က မှတ်တမ်းတင်ပေးရသည်။

လွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီတင်သွင်းသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြု ဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အတည်ပြုပေးရမည် ဖြစ်ပါသည်။

**“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးများပြီးဆုံးပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုပြုချက်များအား လွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆောင်ရွက်ခဲ့သည့် မေးခွန်းများနှင့် အဆိုများမှာ ၃၀-၇-၂၀၂၆ ရက်နေ့ထိ ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၆ ခု၊ စုစုပေါင်း ၇၂၂ ခုနှင့် အဆိုသုံးခု တင်သွင်းခဲ့ပြီး တစ်ခုကို အတည်ပြုခဲ့၍ နှစ်ခုကို မှတ်တမ်းတင်ခဲ့”**

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဆောင်ရွက်သော နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ခြင်း၊ သံတမန်ဖြတ်တောက်ခြင်းတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် သဘောတူညီချက်ပေးရမည်။ သို့ရာတွင် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေမျိုး၌ နိုင်ငံတော်သမ္မတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်လျှင် ယင်း၏ အရေးယူဆောင်ရွက်ချက်ကို လွှတ်တော်တွင် အတည်ပြုချက် ရယူရပါမည်။

နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်ခြင်း ခံရလျှင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းလျက် စစ်ရေးအရ လိုအပ်သလို ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတက ယင်းဆောင်ရွက်ချက်ကို လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်ဖြစ်လျှင် ယင်းအစည်းအဝေးတွင် လည်းကောင်း၊ အစည်းအဝေး ကျင်းပနေချိန်မဟုတ်လျှင် အရေးပေါ် အစည်းအဝေးခေါ်ယူ၍ လည်းကောင်း အတည်ပြုချက်ရယူရမည်။ စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကသာ သဘောတူညီချက်ပေးနိုင်ပါသည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ**

လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊
(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
(ဂ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊
(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊
(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊
(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊
(ဇ) လွှတ်တော်က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

**လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များ**

လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊
(ခ) ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အဆိုများ တင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊
(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များ ရယူခြင်း၊
(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊
(င) လွှတ်တော်က တင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊
(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊
(ဆ) လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊
(ဇ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
(ဈ) လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်းဝင်များအား လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းပေါ်ပေါက်လျှင် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ လွှတ်တော်များသို့ အသိပေးခြင်း၊
(ည) လွှတ်တော်အစည်းအဝေးကျင်းပသည့် နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

**မေးခွန်းနှင့်အဆိုများ**

ယခုအခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးများပြီးဆုံးပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုပြုချက်များအား လွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆောင်ရွက်ခဲ့သည့် မေးခွန်းများနှင့် အဆိုများမှာ ၃၀–၇–၂၀၂၆ ရက်နေ့ထိ ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၆ ခု၊ စုစုပေါင်း ၇၂၂ ခုနှင့် အဆိုသုံးခု တင်သွင်းခဲ့ပြီး တစ်ခုကို အတည်ပြုခဲ့၍ နှစ်ခုကို မှတ်တမ်းတင်ခဲ့ပါသည်။

**တတိယအကြိမ်**
**လွှတ်တော်ရေးရာကော်မတီများ**

ပြည်သူ့လွှတ်တော်တွင် ရေးရာကော်မတီ ၂၂ ခု ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီမိတ်ဆက်အစည်းအဝေးတို့နှင့် စပ်လျဉ်း၍ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ခွဲဝေသတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေကြမ်းကော်မတီ၊
( ခ ) ပြည်သူ့ငွေစာရင်းကော်မတီ၊
( ဂ ) လွှတ်တော်အခွင့်အရေးကော်မတီ၊
(ဃ) အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊
( င ) နိုင်ငံတကာဆက်ဆံရေးကော်မတီ၊
( စ ) အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၊
(ဆ) ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ၊
( ဇ ) နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ၊
(ဈ) တောင်သူလယ်သမားရေးရာကော်မတီ၊
(ည) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီ၊
( ဋ ) ပညာရေးမြှင့်တင်မှုကော်မတီ၊
( ဌ ) ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊
( ဍ ) သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊
( ဎ ) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကော်မတီ၊
(ဏ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊
(တ) ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊
(ထ) ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊
( ဒ ) ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊
( ဓ ) စီမံကိန်းနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊
( န ) စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊
( ပ ) ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ၊
( ဖ ) တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီ။

အဆိုပါ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများသည် ယင်းတို့အား သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေါင်းစပ်၍ မဲဆန္ဒရှင်များ၏ ဆန္ဒများ၊ မျှော်လင့်ချက်များကို ပြည်သူများကိုယ်စား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားကြမည် ဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော်ရေးရာကော်မတီအလိုက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၏ ရုံးဖုန်းနံပါတ်များ**

| ကော်မတီအမည် | အမည် | တာဝန် | မဲဆန္ဒနယ် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ဥပဒေကြမ်းကော်မတီ | ဒေါက်တာ ဦးနန္ဒကျော်စွာ | ဥက္ကဋ္ဌ | ဒဂုံ | ၀၆၇-၅၉၁၃၅၅ |
| | ဦးသိန်းထွန်းဦး | အတွင်းရေးမှူး | အမရပူရ | ၀၆၇-၅၉၁၃၅၆ |
| ပြည်သူ့ငွေစာရင်းကော်မတီ | ဦးတေဇကျော် | ဥက္ကဋ္ဌ | အောင်မြေသာစံ | ၀၆၇-၅၉၁၃၆၁ |
| | ဦးတင်အောင်ချစ် | အတွင်းရေးမှူး | အောင်လံ | ၀၆၇-၅၉၁၃၆၂ |
| လွှတ်တော်အခွင့်အရေးကော်မတီ | ဦးမောင်မောင်အုန်း (ဒု-ဥက္ကဋ္ဌ) | ဥက္ကဋ္ဌ | တပ်ကုန်း | ၀၆၇-၅၉၁၃၇၂ |
| | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး | ထားဝယ် | ၀၆၇-၅၉၁၃၇၁ |
| အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | ကျိုင်းတုံ | ၀၆၇-၅၉၁၅၉၉ |
| | ဦးသန်းထွန်း | အတွင်းရေးမှူး | ပုသိမ် | ၀၆၇-၅၉၁၆၀၀ |
| နိုင်ငံတကာ ဆက်ဆံရေးကော်မတီ | ဒေါက်တာပွင့်ဆန်း | ဥက္ကဋ္ဌ | ရပ်စောက် | ၀၆၇-၅၉၁၅၈၄ |
| | ဦးယောအေးလှ | အတွင်းရေးမှူး | နန့်းယွန်း | ၀၆၇-၅၉၁၅၈၃ |
| အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီ | ဦးသက်ပုံ | ဥက္ကဋ္ဌ | စစ်ကိုင်း | ၀၆၇-၅၉၁၄၉၅ |
| | ဦးထွန်းလွင် | အတွင်းရေးမှူး | ချောင်းဦး | ၀၆၇-၅၉၁၄၉၁ |
| ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီ | ဒေါက်တာမျိုးထွန်း | ဥက္ကဋ္ဌ | လားရှိုး | ၀၆၇-၅၉၁၄၈၂ |
| | ဒေါက်တာနေလင်း | အတွင်းရေးမှူး | မှော်ဘီ | ၀၆၇-၅၉၁၄၈၅ |
| နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ | ဦးစိုးတင့်နိုင် | ဥက္ကဋ္ဌ | မကွေး | ၀၆၇-၅၉၁၅၅၆ |
| | ဦးရဲထွဋ်အောင် | အတွင်းရေးမှူး | မင်းလှ | ၀၆၇-၅၉၁၅၅၄ |
| တောင်သူလယ်သမားရေးရာကော်မတီ | ဦးမြတ်ကျော် | ဥက္ကဋ္ဌ | ကန့်ဘလူ | ၀၆၇-၅၉၁၅၄၉ |
| | ဦးဝင်းဌေး | အတွင်းရေးမှူး | လယ်ဝေး | ၀၆၇-၅၉၁၅၅၀ |
| လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီ | ဒေါ်ဝင်းမော်ထွန်း | ဥက္ကဋ္ဌ | ရေနံချောင်း | ၀၆၇-၅၉၁၄၉၈ |
| | ဦးအောင်နိုင် | အတွင်းရေးမှူး | ဝေါ | ၀၆၇-၅၉၁၄၉၄ |
| ပညာရေးမြှင့်တင်မှု ကော်မတီ | ဒေါက်တာလှတင့် | ဥက္ကဋ္ဌ | ဗဟန်း | ၀၆၇-၅၉၁၄၉၆ |
| | ဦးသက်နိုင်ဦး | အတွင်းရေးမှူး | ဘားအံ | ၀၆၇-၅၉၁၄၉၇ |
| ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ | ဦးတင့်ဝေ | ဥက္ကဋ္ဌ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၀၆၇-၅၉၁၃၅၂ |
| | ဦးအောင်နိုင်ဦး | အတွင်းရေးမှူး | ပြည်ကြီးတံခွန် | ၀၆၇-၅၉၁၃၈၃ |
| သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ | ဦးခင်မောင်ဌေး | ဥက္ကဋ္ဌ | ပျဉ်းမနား | ၀၆၇-၅၉၁၅၁၉ |
| | ဦးအောင်ကျော်မင်း | အတွင်းရေးမှူး | သုံးခွ | ၀၆၇-၅၉၁၅၁၅ |
| နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ | ဦးလှဆွေ | ဥက္ကဋ္ဌ | ပုဗ္ဗသီရိ | ၀၆၇-၅၉၁၃၇၇ |
| | ဦးစိုးနိုင် | အတွင်းရေးမှူး | မဟာအောင်မြေ | ၀၆၇-၅၉၁၃၇၆ |
| စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ | ဒေါက်တာအောင်ကြီး | ဥက္ကဋ္ဌ | ကျိုက်လတ် | ၀၆၇-၅၉၁၅၁၈ |
| | ဦးအောင်ဇော်လင်း | အတွင်းရေးမှူး | သနပ်ပင် | ၀၆၇-၅၉၁၅၁၀ |
| ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ | ဦးဉာဏ်ထွန်း | ဥက္ကဋ္ဌ | ကနီ | ၀၆၇-၅၉၁၅၃၄ |
| | ဦးကျော်သူရ | အတွင်းရေးမှူး | လက်ပံတန်း | ၀၆၇-၅၉၁၅၃၃ |
| ဟိုတယ်၊ ခရီးသွား လုပ်ငန်းနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီ | ဦးထင်အောင်ရှိန် | ဥက္ကဋ္ဌ | မိုင်းတုံ | ၀၆၇-၅၉၁၅၀၅ |
| | ဒေါ်ခင်စောမူ | အတွင်းရေးမှူး | ကန်ကြီးထောင့် | ၀၆၇-၅၉၁၅၀၇ |
| ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ဦးမောင်မောင်တင့် | ဥက္ကဋ္ဌ | လှိုင် | ၀၆၇-၅၉၁၅၄၄ |
| | ဒေါက်တာ ထွန်းထွန်းဝင်း | အတွင်းရေးမှူး | ဆိပ်ကြီး/ ခနောင်တို | ၀၆၇-၅၉၁၅၄၅ |
| စီမံကိန်းနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ | ဦးညွန့်ဆောင် | ဥက္ကဋ္ဌ | ရမည်းသင်း | ၀၆၇-၅၉၁၅၄၂ |
| | ဒေါက်တာ ခင်မောင်သွင် | အတွင်းရေးမှူး | ဘီးလင်း | ၀၆၇-၅၉၁၅၄၃ |
| စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ဦးတင်မြင့် | ဥက္ကဋ္ဌ | ဒလ | ၀၆၇-၅၉၁၅၃၇ |
| | ဒေါက်တာထိန်ဝင်း | အတွင်းရေးမှူး | ကျောင်းကုန်း | ၀၆၇-၅၉၁၅၁၈ |
| ပို့ဆောင်ဆက်သွယ် ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ ကော်မတီ | ဒေါက်တာ နန္ဒာလှမြင့် | ဥက္ကဋ္ဌ | ကလော | ၀၆၇-၅၉၁၅၂၂ |
| | နန်းရီရီဝင်း | အတွင်းရေးမှူး | ပင်လောင်း | ၀၆၇-၅၉၁၅၂၁ |
| တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကော်မတီ | ဦးလှမင်း | ဥက္ကဋ္ဌ | ငါန်းဇွန် | ၀၆၇-၅၉၁၅၉၅ |
| | ဦးတိုးဝင်း | အတွင်းရေးမှူး | တောင်သာ | ၀၆၇-၅၉၁၅၉၆ |

*(ဆက်လက်ဖော်ပြပါမည်)*



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၃)ဝါဆိုရပ်ကွက် ဘုရားကြီးဘုန်းကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မင်းဦး၊ ဒုရဲမှူး ကျော်စွာလတ်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

စိုးထက်ကျော်(ပြန်/ဆက်)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ လူငယ်မျိုးဆက်သစ် ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရေး၊ အရည်အသွေးမြင့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်မွေးထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (C)၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်နှင့် ဦးမောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျူဒိုအမျိုးသား (-၃၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဇင်ညီညီ(ပဲခူး) နှင့် သန်းထက်ဦး (နေပြည်တော်) အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ဂျူဒိုအမျိုးသမီး (-၄၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ခင်ပိုးပိုးအောင် (မန္တလေး)နှင့် နန်းဖြူသဇင်ဦး (ဧရာဝတီ)တို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

"၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒို(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ"ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီး အသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အင်အားစုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ပဲခူးတိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်း စသည့် ခရိုင်ခြောက်ခရိုင်မှ ပြိုင်ပွဲဝင် ဦးရေ ၂၅၀ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကာ ဝါသနာရှင် (ပထမတန်း) အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက်၁၅ နှစ်မှ ၂၀ အတွင်း) အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အဆင့်တို့တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ (Ayeyarwady River View Point Pavilion) ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၉**

မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ရောရှုခင်းသာ (Ayeyarwady River View Point Pavilion) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ ရှုခင်းသာရှေ့၌ ကျင်းပသည်။

အဆိုပါ မြစ်ရောရှုခင်းသာကို မကွေးမြို့ပြ အင်္ဂါရပ်နှင့်အညီ မြစ်ကမ်းနား မြေကွက်လပ်များအား စနစ်ကျ၍ လှပ၊ သန့်ရှင်း၊ သာယာပြီး လုံခြုံဘေးကင်းသည့် နေရာတစ်ခု ဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်း အချိန်များတွင် သဘာဝတရားနှင့် ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှား ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်နှင့် ဧရာဝတီမြစ်ကမ်းအလှကို အခြေခံ၍ ခရီးသွားများကို ဆွဲဆောင်နိုင်မည့် မြို့ပြ၏ အထင်ကရ နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနား မှတ်ဦးကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြစ်ရောရှုခင်းသာ မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် ၁၁/၅ မှ တာမိုင် ၁၁/၇ ကြား ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ် သဲအိတ်ချခြင်းလုပ်ငန်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတား) ခရိုင် ဖွင့်ပွဲ ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတား)ခရိုင် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံကျော် တေးသံရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ရုပ်သေးပညာရှင် ဆရာ ဆရာမများ၊ ရွှေတံဆိပ်ဆုရှင်များ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၉၆ ဦးက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ပြိုင်ပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဝင်း (အင်းယားကန်)၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား၊ အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယကတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အမျိုးသမီး မီတာ-၅၀၀ (၈)တက် ပြိုင်ပွဲ၊ အမျိုးသား မီတာ-၅၀၀ (၈)တက် ပြိုင်ပွဲ၊ အမျိုးသမီး မီတာ-၂၀၀ (၈) တက် ပြိုင်ပွဲ၊ အမျိုးသား မီတာ-၂၀၀ (၈)တက် ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် အသင်းများ၊ တံခွန်စိုက်ဆုရရှိခဲ့သည့် အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အသင်း ၁၄ သင်း၊ အားကစားသမား ၂၅၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး




**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အဦ ဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းဆပ်ကော်မတီဝင်များ အနေဖြင့် မိမိတို့သက်ဆိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းလုပ်ငန်းများထပ်ခြင်း မရှိစေရေး စိစစ်ရန်၊ စီမံကိန်းလုပ်ငန်းများ လျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်သော ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေး ပြည့်ဝစေရေး ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ လုပ်ငန်းဆပ်ကော်မတီ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့ဝင်ဦးစီးဌာနများ အချင်းချင်း အပြန်အလှန်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားကြရန် လမ်း၊ တံတားနှင့် အဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဌာနအလိုက်၊ ဒေသအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လိုသည့် လျာထား စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေး အကြံပြုတင်ပြကြရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းဆပ်ကော်မတီဝင်များ ဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လမ်း၊ တံတားနှင့် အဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌများက Zoom Application Online System ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၉**

ရေဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၁၄ ရက်တွင် ၇ ပေ ၉လက်မအထိအမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၄ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၅ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ၅ ပေ ၄ လက်မ ခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ သိုင်းချောင်းမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၉ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေခန့်သာ ကျန်ရှိသဖြင့် ၂ ပေ ၁ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၇ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၆ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းအာဟာရ သို့မဟုတ် နိုင်ငံ၏ အနာဂတ်ကိုတည်ဆောက်ခြင်း

ဒေါက်တာဇင်ဇေယျာဝင်း

“ မူကြိုနှင့် ကျောင်းနေအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေး စွမ်းရည်များဖွံ့ဖြိုးပြီး ကျန်းမာသောစားသောက်မှုအလေ့အထများ တည်ဆောက်သည့် အရေးကြီးသောအချိန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသည် စာသင်ကြားရာနေရာသာမက ကလေးများ၏ ကျန်းမာရေးနှင့်အာဟာရကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် ပတ်ဝန်းကျင်တစ်ခုလည်းဖြစ် ”

**ကလေးများ၏ အာဟာရသည် နိုင်ငံ၏အနာဂတ်**

ကလေးများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်ပြီး ယနေ့ကျန်းမာစွာကြီးပြင်းလာသောကလေးများသည် မနက်ဖြန်တွင် ကျွမ်းကျင်သောပညာရှင်များ၊ တာဝန်ယူမှုရှိသော နိုင်ငံသားများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအင်အားများဖြစ်လာမည်ဖြစ်သည်။

ထို့ကြောင့် ကလေးများ၏ကျန်းမာရေးနှင့် အာဟာရသည် မိသားစုတစ်စု၏ တာဝန်သာမက နိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လည်းဖြစ်သည်။ WHO ၊ UNICEF နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ ကလေးဘဝတွင် ရရှိသောအာဟာရအခြေအနေသည် ရုပ်ပိုင်း၊ ဉာဏ်ရည်ပိုင်းဖွံ့ဖြိုးမှုနှင့် အနာဂတ်ဘဝအပေါ် ရေရှည်သက်ရောက်မှုရှိပြီး အာဟာရချို့တဲ့မှုသည် အရွယ်ရောက်ချိန်တွင် ကျန်းမာရေးနှင့် လူမှုစီးပွားရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ကလေးများ၏အာဟာရကို နိုင်ငံအနာဂတ်အတွက် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

**ကလေးကြီးထွားဖွံ့ဖြိုးမှုတွင် အာဟာရ၏အခန်းကဏ္ဍ**

ကလေးကြီးထွားဖွံ့ဖြိုးမှုဆိုသည်မှာ ကိုယ်ခန္ဓာအရွယ်အစား တိုးတက်လာခြင်းသာမက ဦးနှောက်၊ အာရုံကြောစနစ်၊ အရိုး၊ ကြွက်သား၊ ကိုယ်ခံအားစနစ်နှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးလာခြင်းကို ဆိုလိုသည်။ အထူးသဖြင့် ကျောင်းနေအရွယ်သည် ကိုယ်ခန္ဓာကြီးထွားနှုန်းမြန်ဆန်သည့် Growth Spurt Period ဖြစ်ပြီး အရပ်ရှည်ထွားလာမှု၊ အရိုးနှင့် ကြွက်သားဖွံ့ဖြိုးမှု၊ ဦးနှောက်စွမ်းရည်နှင့် သင်ယူနိုင်စွမ်းတိုးတက်မှုများအတွက် အာဟာရလိုအပ်ချက် မြင့်မားသောကာလဖြစ်သည်။

ဤကာလတွင် အာဟာရမလုံလောက်ပါက ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ပညာသင်ယူနိုင်စွမ်းနှင့် အနာဂတ်ကျန်းမာရေးအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်သည်။ ကလေးများ၏ အစားအစာတွင် စွမ်းအင်ပေးသော ကာဗိုဟိုက်ဒရိတ်၊ ကိုယ်ခန္ဓာတည်ဆောက်ပေးသော ပရိုတင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အဆီဓာတ်များနှင့် ဗီတာမင်၊ သတ္တုဓာတ်များ မျှတစွာပါဝင်ရမည်။ အထူးသဖြင့် သံဓာတ်၊ ဇင့်၊ ဗီတာမင် A နှင့် အိုင်အိုဒင်းတို့သည် ဦးနှောက်ဖွံ့ဖြိုးမှု၊ ကိုယ်ခံအားနှင့် ကြီးထွားမှုအတွက် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် ဆန်၊ ဂျုံကဲ့သို့ စွမ်းအင်ပေးအစားအစာများနှင့်အတူ အသား၊ ငါး၊ ဥ၊ ပဲမျိုးစုံ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို မျှတစွာကျွေးမွေးသင့်သည်။

**အာဟာရချို့တဲ့မှုနှင့် ခေတ်သစ်အာဟာရပြဿနာများ**

ကမ္ဘာတစ်ဝန်းတွင် ကလေးအာဟာရပြဿနာများသည် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အချို့ဒေသများတွင် အာဟာရမလုံလောက်မှုကြောင့် အရပ်ပုခြင်း၊ ပိန်လွန်းခြင်းနှင့် ကိုယ်အလေးချိန်နည်းခြင်းများဖြစ်ပေါ်နေသကဲ့သို့ အခြားဒေသများတွင် ကလေးအဝလွန်ခြင်းလည်း တိုးပွားလာနေသည်။

WHO က ယင်းအခြေအနေကို “Double Burden of Malnutrition” ဟု သတ်မှတ်ထားပြီး အာဟာရချို့တဲ့မှုနှင့် အာဟာရလွန်ကဲမှုတို့သည် တစ်နိုင်ငံတည်း သို့မဟုတ် မိသားစုတစ်စုအတွင်းပင် တစ်ပြိုင်နက်ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။ အာဟာရချို့တဲ့သောကလေးများသည် ကိုယ်ခံအားနည်း၍ ကူးစက်ရောဂါများ ပိုမိုဖြစ်ပွားနိုင်ပြီး အရွယ်ရောက်ချိန်တွင် ဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်သည်။ တစ်ဖက်တွင် သကြား၊ အဆီနှင့် ဆားများသော အချိုရည်များနှင့် အသင့်စားအစားအစာများကို အလွန်အကျွံစားသုံးခြင်းသည် ကလေးအဝလွန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ယနေ့ခေတ် ကလေးအာဟာရ၏ ရည်ရွယ်ချက်မှာ အစာရရှိစေရုံသာမက ကျန်းမာသောအစားအစာများကို မှန်ကန်စွာရွေးချယ်စားသုံးနိုင်သည့်အလေ့အထများ တည်ဆောက်ပေးရန်ဖြစ်သည်။

**ကျောင်းအာဟာရအစီအစဉ်၏အရေးပါမှု**

မူကြိုနှင့် ကျောင်းနေအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးစွမ်းရည်များဖွံ့ဖြိုးပြီး ကျန်းမာသောစားသောက်မှုအလေ့အထများ တည်ဆောက်သည့် အရေးကြီးသောအချိန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသည် စာသင်ကြားရာနေရာသာမက ကလေးများ၏ ကျန်းမာရေးနှင့် အာဟာရကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် ပတ်ဝန်းကျင်တစ်ခုလည်းဖြစ်သည်။

ကျောင်းအာဟာရအစီအစဉ်သည် အာဟာရပြည့်ဝသော အစားအစာများပံ့ပိုးပေးခြင်း၊ အာဟာရပညာပေးခြင်းနှင့် ကျန်းမာသောစားသောက်မှုအလေ့အကျင့်များ တည်ဆောက်ပေးခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သည့် ကျန်းမာရေးမြှင့်တင်ရေးအစီအစဉ်ဖြစ်သည်။ ဤအစီအစဉ်များသည် ကမ္ဘာတစ်ဝန်းရှိ ကလေးသန်းပေါင်းများစွာ၏ အာဟာရလုံခြုံရေးကို အထောက်အကူပြုနေပြီး အထူးသဖြင့် ဆင်းရဲနွမ်းပါးသော မိသားစုများမှ ကလေးများအတွက် အရေးကြီးသော အာဟာရရင်းမြစ်တစ်ခုဖြစ်သည်။

သုတေသနများအရ ကျောင်းအာဟာရအစီအစဉ်များသည် အာဟာရချို့တဲ့မှုကို လျှော့ချပေးနိုင်သကဲ့သို့ ကျောင်းတက်ရောက်မှု၊ အာရုံစူးစိုက်မှုနှင့် သင်ယူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် ငယ်စဉ်ကတည်းက ကျန်းမာသောအစားအစာရွေးချယ်စားသုံးသည့်အလေ့အထကို တည်ဆောက်ပေးခြင်းသည် ရေရှည်ကျန်းမာရေးအတွက် အရေးကြီးသည်။

**ကျောင်းပတ်ဝန်းကျင်ရှိအစားအစာများ**

ကျောင်းပတ်ဝန်းကျင်ရှိ အစားအစာရွေးချယ်မှုများသည်လည်း ကလေးများ၏ အာဟာရအခြေအနေအပေါ် သက်ရောက်မှုရှိသည်။ ကျောင်းမုန့်ဈေးဆိုင်များတွင် သကြားပါဝင်မှုများသော အချိုရည်များ၊ အာလူးကြော်၊ အသင့်စားခေါက်ဆွဲနှင့် ပြုပြင်ထုတ်လုပ်ထားသော အစားအစာများကို အလွယ်တကူရရှိနိုင်သဖြင့် ကလေးများအကြား စားသုံးမှုများလာသည်။ ထိုအစားအစာများသည် သကြား၊ ဆားနှင့် အဆီများပြီး အာဟာရတန်ဖိုးနည်းသောကြောင့် အာဟာရမညီမျှမှု၊ သွားပိုးစားခြင်းနှင့် အဝလွန်ခြင်းတို့ဖြစ်ပေါ်စေနိုင်ကာ အနာဂတ်တွင် နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။

ထို့ကြောင့် ကျောင်းမုန့်ဈေးဆိုင်များတွင် အသီးအနှံများ၊ နို့၊ ဥ၊ ပဲမျိုးစုံနှင့် မြန်မာ့ရိုးရာမုန့်များကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ဦးစားပေးရောင်းချပြီး သကြား၊ ဆားနှင့် အဆီများလွန်းသော အစားအစာများကို လျှော့ချသင့်သည်။ မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ရောင်းချသူများပူးပေါင်း၍ အာဟာရပညာပေးခြင်းဖြင့်ကျန်းမာသောစားသောက်မှုအလေ့အထများကို မြှင့်တင်ပေးနိုင်သည်။

**နိုင်ငံတကာမှကျောင်းအာဟာရပုံစံများ**

ဂျပန်နိုင်ငံသည် ကျောင်းအာဟာရတွင် အောင်မြင်သော နမူနာနိုင်ငံတစ်နိုင်ငံဖြစ်ပြီး Shokuiku (Food and Nutrition Education) စနစ်မှတစ်ဆင့် ကလေးများအား အစားအစာ၏တန်ဖိုး၊ အာဟာရနှင့် ကျန်းမာရေးအသိပညာများကို သင်ကြားပေးကာ ကျန်းမာသောစားသောက်မှုအလေ့အထများကို ပြုစုပျိုးထောင်ပေးသည်။

ကျောင်းနေ့လယ်စာများတွင် ထမင်း၊ ဟင်းသီးဟင်းရွက်၊ ငါး သို့မဟုတ် အသား၊ နို့နှင့် ဒေသထွက်အစားအစာများကို မျှတစွာထည့်သွင်းထားသည်။ ထိုင်းနိုင်ငံတွင်လည်း အစိုးရက မူလတန်းကျောင်းသား ကျောင်းသူများအတွက် ထမင်း၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများပါဝင်သော ကျောင်းနေ့လယ်စာများကို ထောက်ပံ့ပေးလျက်ရှိသည်။ စင်ကာပူနိုင်ငံတွင် ကျောင်းကန်တင်းများအတွက် အာဟာရစံနှုန်းများ သတ်မှတ်ထားပြီး သကြား၊ ဆားနှင့် အဆီများသော အစားအစာများကို လျှော့ချကာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာရွေးချယ်မှုများကို အားပေးလျက်ရှိသည်။

**မြန်မာနိုင်ငံအတွက် ကျောင်းအာဟာရ**

မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာစေရန်နှင့် အရွယ်မတိုင်မီသေဆုံးမှုများ လျှော့ချနိုင်ရန် KG ကျောင်းသား ကျောင်းသူများအတွက် ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ကလေးအာဟာရတိုးတက်ရေးတွင် တိုးတက်မှုများရရှိခဲ့သော်လည်း အချို့ဒေသများတွင် အာဟာရ ချို့တဲ့မှုက ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု၊ အစားအစာဘေးကင်းလုံခြုံရေး မပြည့်စုံမှု၊ အာဟာရအသိပညာနည်းပါးမှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် သန့်ရှင်းရေးအခြေအနေများသည် ကလေးများ၏ အာဟာရအခြေအနေအပေါ် သက်ရောက်မှုရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျောင်းအာဟာရအစီအစဉ်များကို အောက်ပါအချက်များအပေါ် အခြေခံ၍ တိုးချဲ့ဆောင်ရွက်သင့်ပါသည် -

**(၁) ဒေသအလိုက်သင့်လျော်သော အာဟာရအစီအစဉ်များ ဆောင်ရွက်ခြင်း**

တိုင်းရင်းသားဒေသများ၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် စားသောက်မှုအလေ့အထနှင့် အစားအစာရရှိနိုင်မှုမတူညီသောကြောင့် ဒေသအခြေအနေနှင့်ကိုက်ညီသော ကျောင်းအာဟာရပုံစံများ လိုအပ်သည်။

**(၂) Home-Grown School Feeding စနစ် အသုံးချခြင်း**

WFP မှအားပေးသည့် Home-Grown School Feeding စနစ်သည် ကျောင်းအစားအစာများအတွက် လိုအပ်သော ဆန်၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ဥနှင့် ပဲမျိုးစုံတို့ကို ဒေသခံတောင်သူများထံမှ ရယူအသုံးပြုခြင်းဖြစ်သည်။ ယင်းစနစ်သည် ကလေးများအား လတ်ဆတ်ပြီး အာဟာရပြည့်ဝသောအစားအစာများ ရရှိစေရုံသာမက ဒေသခံစိုက်ပျိုးရေးနှင့် စီးပွားရေးကိုလည်း အထောက်အကူပြုနိုင်သည်။

**(၃) ကျောင်းကျန်းမာရေးနှင့် အာဟာရစောင့်ကြည့်မှုတိုးမြှင့်ခြင်း**

ကျောင်းသားများ၏ အရပ်၊ ကိုယ်အလေးချိန်၊ BMI၊ သွေးအားနည်းမှုနှင့် အာဟာရအခြေအနေများကို ပုံမှန်စောင့်ကြည့်ခြင်းဖြင့် အာဟာရအစီအစဉ်များ၏ထိရောက်မှုကို အကဲဖြတ်နိုင်ပြီး လိုအပ်သောပြုပြင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ခြင်း**

ကလေးများ၏အာဟာရသည် နေ့စဉ်စားသုံးရသည့် အစားအစာတစ်နပ်ထက် ပိုမိုအရေးကြီးသော အနာဂတ်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ ကလေးဘဝ အာဟာရသည် ဘဝတစ်လျှောက် ကျန်းမာရေးနှင့် စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိသဖြင့် ကျောင်းအာဟာရအစီအစဉ်များတွင် အာဟာရပြည့်ဝသော အစားအစာပေးအပ်ခြင်းနှင့်အတူ အာဟာရပညာပေးခြင်း၊ ကျန်းမာသောစားသောက်မှုအလေ့အထများ မြှင့်တင်ပေးခြင်းကို အလေးထားဆောင်ရွက်သင့်သည်။

ကလေးအာဟာရ ဖွံ့ဖြိုးတိုးတက်ရေးသည် မိသားစု၊ ကျောင်းနှင့် လူမှုအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကလေးတိုင်းအား အာဟာရပြည့်ဝသောအစားအစာနှင့် ကျန်းမာသောပတ်ဝန်းကျင်ပံ့ပိုးပေးခြင်းသည် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။ ။

## မိုင်းဆတ်မြို့၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား၊ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီက မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအား လွန်က ရှမ်းပြည်နယ်၏ အားကစားကဏ္ဍ တိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုပတ်လည်စနစ်ဖြင့် စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယဉ်ယဉ်ဝင်း
(ပြန်/ဆက်)





## (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းခေါင်းဆောင်များ ဒုတိယနေ့ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel တွင် ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ အစည်းအဝေးတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လူမှုဆက်ဆံရေး (Humanitarian Diplomacy) မြှင့်တင်ရေးနှင့် လူမှုကရုဏာအခန်းကဏ္ဍတွင် နိုင်ငံတော်၏ အရန်အင်အား(Auxiliary Role) အပေါ် နားလည်မှု ပိုမိုခိုင်မာစေရေးတို့အတွက် အရှေ့တောင်အာရှ အမျိုးသားအသင်းများအနေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ (၅) ကြိမ်မြောက် ကြက်ခြေနီနှင့် လခြမ်းနီလူငယ်ဖိုရမ်မှ ထွက်ပေါ်လာသည့် ရလဒ်များနှင့် လူငယ်များ၏ အမြင်များကို အသင်းဦးဆောင်သူများထံ တင်ပြခြင်း၊ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများမှတစ်ဆင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်မှု၊ အရှေ့တောင်အာရှဒေသအတွင်း ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအနေဖြင့် တစ်စုတစ်စည်းတည်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ICRC နှင့် IFRC ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်းအပါအဝင် Hanoi Call for Action အကောင်အထည်ဖော်မှု တိုးတက်ချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခြေအနေများနှင့် တိုးတက်မှုများ၊ IFRC ၏ ကောင်းမွန်သော အုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင် အရှေ့တောင်အာရှ အမျိုးသားအသင်းများ၏ ပါဝင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးလက်ခံကျင်းပသည့် အိမ်ရှင်နိုင်ငံများက ထုတ်ပြန်လေ့ရှိသည့် Statement များနည်းတူ Yangon Statement ကို ဆွေးနွေးအတည်ပြုပြီး လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ကြကာ လာမည့် (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံမည့် ဖိလစ်ပိုင်နိုင်ငံ ကြက်ခြေနီအသင်းသို့ တာဝန်လွှဲပြောင်းပေးအပ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ အရှေ့တောင်အာရှနိုင်ငံများမှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)နှင့် အခြားဖိတ်ကြားထားသည့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ခိုလမ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၀၇၅၅ ဧကရှိသော နယ်မြေကို “ခိုလမ်ကြိုးပြင်ကာကွယ်တော”အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန်မှုတလာစေရန်၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေများတွင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ ထင်းရှူး၊ သစ်ယား၊ ထောက်ကြံ့၊ ယမနေ၊ သစ်မန်ကျည်း၊ သစ်နီ၊ ရင်းစပ်၊ သစ်စေး၊ ဆီးဖြူ၊ ကြို့၊ ရင်းတိုက်၊ လက်ပံနှင့် မျှင်ဝါးတောများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ဂျီ(ချေ)၊ တောကြောင်၊ ကြက်တူရွေး၊ ဗျိုင်းငှက်များ၏ နေရင်းဒေသများ ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



ခိုလမ်ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းပုံ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**





## သနပ်ပင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**သနပ်ပင် စက်တင်ဘာ ၉**

သနပ်ပင်မြို့နယ်ဥပဒေရုံးမှ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်း က သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း သင်တန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သင်တန်းသား သင်တန်းသူ ပြည်သူ စုစုပေါင်း ၅၂ ဦးအား ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဆွေးနွေးပို့ချပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိ ဦးအောင်သီဟက ရှင်းလင်းဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

# တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ


**နေပြည်တော် စက်တင်ဘာ ၉**
နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့အတွင်း ရပ်ကွက်များရှိ နေအိမ်များအား စုံစမ်းရှာဖွေ ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခန့်တွင် ဝမ်ကောင်းရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၆ ဦးတို့အား ကွန်ပျူတာမျိုးစုံ အလုံး ၆၀၊ Wifi စက် ငါးလုံး၊ စားပွဲ ၁၄ လုံး၊ ထိုင်ခုံ ၅၁ လုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။


အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ငါးဦးကို တွေ့ရစဉ်။


ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၉**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ယနေ့မွန်းတည့် ၁၂ နာရီက အမှတ်(၁၁)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်အိမြတ်မွန်နှင့် အမှတ် (၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ငြိမ်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေတို့နှင့် ပတ်သက်သည့် အကြောင်းအရာများကို သက်ဆိုင်ရာရပ်ကွက်အတွင်းရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူလူထုအား အသိပညာပေးပို့ချပေးသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများမှ တစ်ဆင့် ရပ်ကွက်အတွင်းရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူများအနေဖြင့် အခြေခံဥပဒေများနှင့် သက်ဆိုင်ရာဥပဒေများကို ပိုမိုသိရှိနားလည်ပြီး ဥပဒေကို လေးစားလိုက်နာသည့် အသိပညာများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကော့သောင်း စက်တင်ဘာ ၉**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလိုတုံတုံးကျောင်း၌ ဆောင်ရွက်ခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များအား ဖတ်ရှုလေ့လာရန်၊ စာဖတ်သည့်အလေ့အကျင့်ပြုစုပျိုးထောင်ကြရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက်တွင် သုတ/ရသ စာအုပ်များ မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းအရာများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများနှင့် အဓမ္မစေခိုင်းမှုပပျောက်ရေး၊ အပြည်ပြည်ဆိုင်ရာနေ့ရက်များ၊ နေ့ထူးနေ့မြတ်များ၊ AIနှင့် ဆိုရှယ်မီဒီယာအကျိုးရှိစွာ အသုံးချခြင်း စသည်တို့ကို ဟောပြောခဲ့ကြသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်မြှင့်တင်စေရေးအတွက် ရုပ်ပြစာအုပ်များ ဖတ်ရှုလေ့လာစေခြင်း၊ ဖတ်ရှုထားသည့် အကြောင်းအရာများ ပြန်လည်မျှဝေခြင်း၊ ကဗျာရွတ်ဆိုခြင်းနှင့် ပုံပြင်ပြောပြိုင်ပွဲများ ကျင်းပခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးဟောပြော

**ပြင်ဦးလွင် စက်တင်ဘာ ၉**
အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ပြင်ဦးလွင်မြို့နယ်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ(ပြင်ဦးလွင်)တို့ ပူးပေါင်းကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၀ ကျော် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ (ပြင်ဦးလွင်)ဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူးက မူးယစ်ဆေးဝါးဆိုးကျိုး အန္တရာယ်အကြောင်းနှင့် မူးယစ်သမိုင်းကြောင်းကို (ပြင်ဦးလွင်)အသင်းခွဲ စာရင်းစစ်တို့က အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **တင်မောင်-မန္တလေး**

❍ *ကျော့ဖုံးမှ*

အာရှအဆင့်ရှိ အသင်းကောင်းတစ်သင်းဖြစ်သည့် အင်ဒိုနီးရှားကလပ် Black Steel Papua FC သည် အုပ်စု (A) တွင် ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာကလပ် YRG FC အသင်းသည် အုပ်စု (B)တွင် ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ပြီး ဖိုင်နယ်တက်ရောက်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အလားတူ ဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် အုပ်စု (B)မှ ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိထားသည့် MIU FC နှင့် အုပ်စု (A)မှ အုပ်စုဒုတိယရရှိထားသည့် YCDC DREAM TEAM FC တို့၏ ပွဲစဉ်သည် ထိပ်သီးမြန်မာကလပ်နှစ်သင်း၏ ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

❖ *ကျော့ဖုံးမှ*

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ် ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ – တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ – တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျော့နံပါတ်(၁) မောင်ဘုန်းသစ်ဟန်အား ငွေသားဆုငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်က လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျော့နံပါတ် (၁၆) မောင်ဇော်မင်းခန့်အား ငွေသားဆု ငွေကျပ်သုံးသိန်းကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ကျော့နံပါတ် (၃) မောင်ဇင်မင်းဦးအား ငွေသားဆုငွေကျပ်သုံးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား ငွေသားဆုငွေကျပ်ငါးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား Trophy နှင့် ငွေသားဆုငွေကျပ် ခြောက်သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား Trophy နှင့် ငွေသားဆုငွေကျပ် ခြောက်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၃၀ ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၃၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်ကလည်းကောင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ၉ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလခုနစ်ရက်ကြာ ကျင်းပရာ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသား အသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အင်အား ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ကျော့ဖုံးမှ*



ဖမ်းဆီးရန်ကျန်တရားခံများ

မောင်ဝင်း(ခ)အောင်စိန် (ခ)အောင်သိန်း(ခ) အောင်ထိန် | ရဲအောင် | ရွှေလင်း | ကိုဦး

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ဆိတ်ချိုကျေးရွာအုပ်စု ကံစွယ်ကျေးရွာအနီး ပျော်ဘွယ်–နတ်မောက်သွား ကားလမ်းတွင် နီဝင်း မောင်းနှင်ပြီး သိန်းထွန်းလိုက်ပါလာသည့် MINIBUS ယာဉ်အား သတင်းအရ စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၈ ဒသမ ၆၉ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၃၀၃၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးချက်အရ နေပိုင်စိုး (ခ) ဂျာကြီး(ခ)အောင်ကျော်မြင့်၊ ကျော်သာ (ခ)အောင်ကျော်နှင့်အတူ ကိုစိုး၊ ယုယုမော်၊ ရဲမင်းအောင်(ခ)ပါးသိုင်း၊ မိုးအောင်(ခ)ဆလိုင်းမိုးအောင်တို့ ခုနစ်ဦးအား ယာဉ်လေးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။




တရားခံ မိုးအောင်(ခ)ဆလိုင်းမိုးအောင်နှင့်အတူ သိမ်းဆည်းရမိ မော်တော်ယာဉ်အား တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နေ မောင်ဝင်း(ခ) အောင်စိန် (ခ) အောင်သိန်း (ခ) အောင်ထိန် (ဖမ်းဆီးရန်ကျန်)မှ ရမည်းသင်းမြို့နယ်သို့ လာရောက်ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ အောင်လံသို့ ကျော်သာ(ခ)အောင်ကျော်၏ အစီအမံဖြင့် သယ်ဆောင်ခြင်းဖြစ်ပြီး အောင်လံမှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ သယ်ဆောင်သူများမှာ မိုးအောင်(ခ)ဆလိုင်းမိုးအောင်၊ ရဲအောင် (ဖမ်းဆီးရန်ကျန်) နှင့် ကိုဦး (ဖမ်းဆီးရန်ကျန်)တို့ ဖြစ်ကြောင်း၊ အမ်းမှ မောင်တောသို့ ဆက်လက်သယ်ဆောင်သူမှာ ရွှေလင်း (ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရသည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပါဝင်သည့် ကျော်သာ(ခ) အောင်ကျော်နှင့် ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ အဓိကစီမံခန့်ခွဲသူ မောင်ဝင်း(ခ)အောင်စိန်(ခ) အောင်သိန်း (ခ) အောင်ထိန် (ဖမ်းဆီးရန်ကျန်)နှင့် ချိတ်ဆက်၍ ရခိုင်ပြည်နယ် မောင်တောမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆက်လက်ပို့ဆောင်သူမှာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ နိုင်နိုင်ဦး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွဆေးပြားများ အကြိမ်ကြိမ် သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

ဆက်တိုက်အနိုင်ရရှိခဲ့ပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အုပ်စု (B) တွင် ဆားဘီးယား၊ အာဖဂန်နစ္စတန်တို့နှင့်အတူ ကျရောက်ခဲ့သည့် မြန်မာအသင်းသည် ပထမပွဲစဉ်အဖြစ် ဒေသစံတော်ချိန် နံနက် ၉ နာရီ၌ အာဖဂန်နစ္စတန်အသင်းကို ၂၅–၉၊ ၂၅–၁၃ မှတ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည့် ဒုတိယပွဲစဉ်၌ ဆားဘီးယားအသင်းကို ၂၅–၁၉၊ ၂၅–၂၀ မှတ် နှစ်ပွဲပြတ်ဖြင့် ထပ်မံအနိုင်ယူကာ အုပ်စုပထမနေရာ ရယူနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ အုပ်စု (A)တွင် ရဝမ်ဒါ၊ ရုရှားနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ကစားသမား ကိုးဦး၊ အုပ်ချုပ်/နည်းပြ သုံးဦး ပါဝင်သည့်အဖွဲ့သည် စက်တင်ဘာ ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–MPSF**

✻ *ကျော့ဖုံးမှ*

ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဒေါ်သိန်းမြင့် (၇၄)နှစ်အား အိမ်အကူဖြစ်သူ တင်နွယ်(၅၈)နှစ်နှင့် ၎င်း၏ သမီးဖြစ်သူ အေးမြတ်မွန် (ခ)သူသူ (၁၇)နှစ်တို့နှစ်ဦးက နေအိမ်ရှေ့ ဧည့်ခန်း၌ ဒေါ်သိန်းမြင့်၏ မျက်နှာပေါ်သို့ ခေါင်းအုံးနှင့် စောင်အုပ်၍ သတ်ဖြတ်ကာ ၎င်းဝတ်ဆင်ထားသည့် စိန်နားကပ်တစ်ရံ၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံးတို့ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် အရေးယူပေးပါရန် ဒေါ်သိန်းမြင့်၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင်(၇၁)နှစ်၏ တိုင်တန်းချက်အရ ဗိုလ်တထောင်မြို့မရဲစခန်း (ပ) ၅၈၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် တရားခံ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကကရံကျေးရွာနေ တင်နွယ်နှင့် အေးမြတ်မွန်(ခ)သူသူ တို့နှစ်ဦးကို ကျုံမငေးမြို့ အဝေးပြေးကားဝင်းရှိ "အောင်ချမ်းသာ"ကားဂိတ်၌ သက်သေခံ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံး၊ ငွေကျပ် ၂၄၅ သိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❊ *ကျော့ဖုံးမှ*

အဆိုပါပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်း အဓိက တိုက်စစ်ကစားသမား အမ်ဘာပေသည် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ၇၁ ဂိုးဖြင့် ပဥ္စမနေရာအထိ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းအထက်တွင် ဘင်ဇီမာ (ဂိုး ၉၀)၊ လီဝမ်ဒေါစကီး (၁၀၉ ဂိုး)၊ မက်ဆီ (၁၂၉ ဂိုး) နှင့် စီရော်နယ်ဒို (ဂိုး ၁၄၀) စသည့် ဂိုးသွင်းအများဆုံး ကစားသမားလေးဦးသာ ရပ်တည်နေသည်။

အီတလီချန်ပီယံ အင်တာမီလန်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးခြင်းခံခဲ့ရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် ခြေစွမ်းအသာဖြင့် ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ သို့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရေး အခက်တွေ့ခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေနှင့် ဗယ်လ်ဗာဒီတို့က သွင်းယူပေးပြီး အင်တာမီလန်အသင်းအတွက် ချေပသွင်းဂိုးကို ကားလို့စ် အော်ဂတ်စတိုက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် AEK အသင်းက LASK ကို တစ်ဂိုး–ဂိုးမရှိ၊ အက်စ်တွန်ဗီလာက ကလပ်ဘရုဂ်ဂေးကို သုံးဂိုး–နှစ်ဂိုး၊ ဒွေါ့မွန်က ဗီလာရီးရဲကို သုံးဂိုး–နှစ်ဂိုး၊ ဘက်တစ်က လိုင်လီကို သုံးဂိုး–နှစ်ဂိုး၊ မန်စီးတီးက ပေါ်တိုကို နှစ်ဂိုး–ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

❂ *ကျော့ဖုံးမှ*

တိုက်စစ်မှူး ပက်ထရစ်ဂီးလ်စ်၊ မြဝတီအသင်း တိုက်စစ်မှူး စိုးသက်မောင်၊ ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး သန်းပိုင်နှင့် စစ်ကိုင်းယူနိုက်တက် တိုက်စစ်မှူး ရာဇာအောင်တို့က သွင်းဂိုး နှစ်ဂိုးစီဖြင့် ဒုတိယနေရာတွင် ပူးတွဲရပ်တည်ကာ ပြိုင်ပွဲ၏ ဂိုးသွင်းဘုရင်ဆုအတွက် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ–ML**

# ဂျပန်လေဆိပ်များ၌ လေယာဉ်ပြေးလမ်းနှင့်အဆောက်အအုံများထိန်းသိမ်းရန် အေအိုင်စနစ် စတင်စမ်းသပ်

တိုကျို စက်တင်ဘာ ၉

ဂျပန်နိုင်ငံရှိ လေဆိပ်များ၌ လေယာဉ်ပြေးလမ်းနှင့် အခြားအဆောက်အအုံများကို ထိန်းသိမ်းရာနှင့် စောင့်ကြည့်ရာတွင် အကူအညီဖြစ်စေရန် AI အခြေပြု စနစ်ကို စတင်စမ်းသပ်ခဲ့သည်ဟု သိရသည်။

လေဆိပ် ၁၉ ခုတွင် လာမည့်နှစ် မတ်လအထိ စမ်းသပ်မှုများ ပြုလုပ်သွားမည်ဟု သိရသည်။ အလုပ်သမားပြတ်လပ်မှုပြဿနာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့်အချိန်တွင် အဆောက်အအုံများကို စီမံခန့်ခွဲရာ၌ အဆိုပါစနစ်ကို မိတ်ဆက်သွားရန် ရည်မှန်းထားသည်။

တိုကျိုမြို့အနီးရှိ နာရီတာလေဆိပ်နှင့် ကင်ကီဒေသရှိ လေဆိပ်များမှာ အဆိုပါစီမံကိန်းအတွင်း ပါဝင်သည်။ ကုန်သွယ်ရေးကုမ္ပဏီ ဆူမီတိုမိုသည် AI စနစ်ကို တည်ဆောက်ရန် ကူညီပေးခဲ့ပြီး ကင်မရာများ တပ်ဆင်ထားသည့် ဒရုန်းများနှင့် ယာဉ်များမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာကာ လေယာဉ်ပြေးလမ်းပေါ်တွင် အက်ကြောင်းများရှိ မရှိနှင့် အခြားပုံမှန်မဟုတ်သည့် အခြေအနေများ ဖြစ်ပေါ်ခြင်း ရှိ မရှိကို စစ်ဆေးနိုင်သည်ဟု ကုမ္ပဏီက ပြောသည်။

AI စောင့်ကြည့်ရေးနည်းလမ်းသည် စစ်ဆေးရေးအချိန်ကို တစ်ဝက်လျှော့ချပေးသည်ဟု ကုမ္ပဏီက ပြောသည်။ စမ်းသပ်မှုများ ပြီးဆုံးပြီးနောက် လေဆိပ်များ၌ အဆိုပါစနစ်ကို စတင်မိတ်ဆက်သွားရန် စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**




## အယ်လ်နီညို နောက်ဆက်တွဲ ကျန်းမာရေးထိခိုက်မှုလျှော့ချရန် WHO နှင့် ကင်ညာအစိုးရ အနီးကပ် ပူးပေါင်းဆောင်ရွက်

နိုင်ရိုဘီ စက်တင်ဘာ ၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် လာမည့် ၂၀၂၄-၂၀၂၅ အယ်လ်နီညိုရာသီဥတုနှင့် ဆက်နွှယ်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များကို လျှော့ချနိုင်ရန် ကင်ညာအစိုးရနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂကျန်းမာရေးဆိုင်ရာ အေဂျင်စီက စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့် ဘေးအန္တရာယ်ဆန်းစစ်ချက်များက ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ရာတွင် ကျန်းမာရေးဆိုင်ရာ အာဏာပိုင်များကို လမ်းညွှန်ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ရေကြီး ရေလျှံမှုအပြင် ရာသီဥတုနှင့် ဆက်နွှယ်သော ကူးစက်ရောဂါဖြစ်ပွားမှုများအတွက် အရေးပေါ် ပြင်ဆင်မှုများကို အားကောင်းစေမည်ဖြစ်ကြောင်း ကင်ညာနိုင်ငံဆိုင်ရာ WHO ကိုယ်စားလှယ် နီမာရှုဆီဘာမာယီလာကီမမ်ဘိုက ပြောသည်။

ကုလသမဂ္ဂကျန်းမာရေးဆိုင်ရာ အေဂျင်စီက ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုများက သောက်သုံးရေ အရင်းအမြစ်များကို ညစ်ညမ်းစေနိုင်ကြောင်း ပြောသည်။ ထို့အပြင် ကာလဝမ်း၊ တိုက်ဖွိုက်၊ အသည်းရောင်အသားဝါအေ၊ ဝမ်းပျက်ဝမ်းလျှောကဲ့သို့သော ရေမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားကြောင်း သတိပေးထားသည်။ ကင်ညာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မတ်လမှ မေလအထိ မိုးရာသီအတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေကြီးရေလျှံမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားသည်။

WHO ၏ ထုတ်ပြန်ချက်အရ ကင်ညာနိုင်ငံတွင် ယခင်မိုးရာသီ၌ ရေကြီးရေလျှံမှုကြောင့် ဒေသ ၂၇ ခုကျော် ထိခိုက်ခဲ့ပြီး လူပေါင်း ၁၂၂ဦး သေဆုံးကာ လူပေါင်း ၄၂၅၉၁ ဦး ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြရကြောင်း သိရသည်။

**ဆင်ဟွာ**

## ကယ်လီဖိုးနီးယားတောင်ပိုင်းရှိ စက်ရုံတစ်ရုံ၌ ဓာတုယိုစိမ့်မှုကြောင့် ဒေသခံများဘေးလွတ်ရာ ပြောင်းရွှေ့

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၉

ကယ်လီဖိုးနီးယားတောင်ပိုင်း လာဟာဘရာမြို့ရှိ ဓာတုစက်ရုံတစ်ရုံတွင် စက်တင်ဘာ ၈ ရက်က ဓာတုယိုစိမ့်မှု ဖြစ်ပွားခဲ့သဖြင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်သားများက အနီးဝန်းကျင်ရှိ ဒေသခံများကို အပြင်မထွက်ဘဲ နေအိမ်၌ပင် ယာယီနေထိုင်ကြရန် မှာကြားခဲ့ကြသည်။

အဆိုပါဖြစ်ရပ်သည် နံနက် ၁၁ နာရီ ၅၃ မိနစ်ခန့်က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး စက်မှုဓာတုပစ္စည်း ထုတ်လုပ်ရေးစက်ရုံတစ်ခု၏ ခေါင်မိုးပေါ်မှ လိမ္မော်ရောင်မီးခိုးများ ထွက်လာသည်ကို မီးသတ်သမားများက တွေ့ရှိခဲ့သည်ဟု လော့စ်အိန်ဂျလိစ် မီးသတ်ဌာနက ပြောသည်။ အဆိုပါစက်ရုံ၏ တစ်မိုင်အကွာအတွင်းနေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတ်မှတ်ခဲ့သည်ဟု အဆိုပါဌာနက ပြောသည်။

ဘေးအန္တရာယ်ကိစ္စရပ်များ ဖြေရှင်းရေးအဖွဲ့ဝင်များသည် အဆိုပါစက်ရုံအတွင်းသို့ ဝင်ရောက်ကာ ဓာတုယိုစိမ့်မှုကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် အခိုးအငွေ့များ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်ဟု မီးသတ်ဌာနက ပြောသည်။

**ဆင်ဟွာ**

## ဆမ်ဆောင်းက ဂျပန်၌ ဆီမီးကွန်ဒတ်တာ သုတေသနဗဟိုဌာနသစ် ဖွင့်လှစ်


ဆမ်ဆောင်း ဒုတိယဥက္ကဋ္ဌ ဂျန်ယောင်ဟွန်း

ဆိုးလ် စက်တင်ဘာ ၉

တောင်ကိုရီးယား နိုင်ငံ၏ ဆမ်ဆောင်း အီလက်ထရွန်နစ် ကုမ္ပဏီသည် ဂျပန်နိုင်ငံ တိုကျိုမြို့အနီးတွင် ဆီမီးကွန်ဒတ်တာ ဗဟိုဌာနသစ်တစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါ စက်ရုံသည် ဂျပန်ကုမ္ပဏီများနှင့်ပူးပေါင်း၍ အဆင့်မြင့်ချစ်ပ်ပြားများ တီထွင်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်သည်။

ယိုကိုဟားမားမြို့တွင်ရှိသည့် အဆိုပါစက်ရုံဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါစီမံကိန်းတွင်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၈ ခုနှစ်အထိ ယန်း ဘီလီယံ ၄၀ (အမေရိကန်ဒေါ်လာ သန်း ၂၈၀ ခန့်) အထိ ရောက်ရှိနိုင်ကြောင်းနှင့် ဂျပန်အစိုးရက ယန်း ဘီလီယံ ၂၀ အထိ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်း ဒုတိယဥက္ကဋ္ဌ ဂျန်ယောင်ဟွန်းက အဆိုပါ စက်ရုံသစ်သည် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အကြား အနာဂတ်ကို ရှေးရှုသော ဆက်ဆံရေး တည်ဆောက်ရန် အထောက်အကူပြုမည်ဖြစ်ပြီး ဆီမီးကွန်ဒတ်တာ နည်းပညာနယ်ပယ်တွင် အနာဂတ်အသစ်တစ်ခုကို ဖွင့်လှစ်ပေးလိမ့်မည်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်အမျိုးသမီးများကို ဆက်လက်ကူညီပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို UNDP တိုက်တွန်း

နယူးယောက် စက်တင်ဘာ ၉

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) မှ အကြီးတန်းအရာရှိတစ်ဦးက အာဖဂန်နစ္စတန်နိုင်ငံရှိ အမျိုးသမီးများကို ဆက်လက်ကူညီပံ့ပိုးပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ထပ်မံတိုက်တွန်းလိုက်သည်။

UNDP ၏ ဘေးဒုက္ခအကျပ်အတည်းဒါရိုက်တာ နီဒါရှိုကိုက အာဖဂန်နစ္စတန်ရှိ အမျိုးသမီးများကို ကူညီပံ့ပိုးသည့် လုပ်ငန်းများမှာ ယခင်ထက် ပိုမိုခက်ခဲလာကြောင်း ယမန်နေ့က ပြောကြားသည်။

နီဒါက လွန်ခဲ့သောတစ်နှစ်က တာလီဘန်အဖွဲ့သည် ကုလသမဂ္ဂရုံးများ၌ အမျိုးသမီးဝန်ထမ်းများ အလုပ်လုပ်ခွင့်ကို ပိတ်ပင်ခဲ့သောကြောင့် အခုအခါ အမျိုးသမီးဝန်ထမ်းအားလုံး အိမ်မှ အလုပ်လုပ်နေကြရသည်ဟု ပြောကြားသည်။

UNDP သည် အာဖဂန်အမျိုးသမီး ၂၀၀၀၀ ကျော်ကို လယ်ယာလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများအပါအဝင် အထောက်အပံ့အစီအစဉ်အမျိုးမျိုးဖြင့် ကူညီပေးလျက်ရှိသည်။ သို့သော် ကမ္ဘာ့တစ်နံးပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့များအတွက် ရန်ပုံငွေရရှိရေးမှာ ပိုမိုခက်ခဲလာနေကြောင်းနီဒါက ထောက်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## လန်ဒန်မြောက်ပိုင်း လူတန်မြို့၌ ဓားဖြင့်ခြိမ်းခြောက်သူကို ရဲတပ်ဖွဲ့ ပစ်ခတ်ဖမ်းဆီး

လန်ဒန် စက်တင်ဘာ ၉

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၏ မြောက်ဘက်ကီလိုမီတာ ၅၀ ခန့်အကွာရှိ လူတန်မြို့တွင် အမျိုးသမီးတစ်ဦးကို ဓားဖြင့်ခြိမ်းခြောက်ခဲ့သည့် အမျိုးသားတစ်ဦးကို ယမန်နေ့တွင် ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ဗြိတိန်နိုင်ငံ၏ လွတ်လပ်သော ရဲတပ်ဖွဲ့ဆိုင်ရာ တိုင်ကြားမှုစောင့်ကြည့်ရေးအဖွဲ့ (IOPC) က စက်တင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ပစ်ခတ်ခံရသည့် အမျိုးသားသည် ပြင်းထန်သောဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ထို့အပြင် အဆိုပါအမျိုးသမီးမှာလည်း ဓားထိုးခံရသည့် ဒဏ်ရာများ ရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း IOPC က ပြောသည်။

**ဆင်ဟွာ**

## ပိုလန်၌ ခရီးသည်တင်ရထားနှင့် ထရပ်ကား တိုက်မိ၍ လူ ၂၀ ဒဏ်ရာရ

ဝါဆော စက်တင်ဘာ ၉

ပိုလန်နိုင်ငံ အလယ်ပိုင်းရှိ မာဆိုဗီယက်ကီ ပြည်နယ်တွင် စက်တင်ဘာ ၉ ရက်က ခရီးသည်တင်ရထား တစ်စင်းနှင့် ထရပ်ကားတစ်စီး တိုက်မိပြီး ရထားလမ်းချော် တိမ်းမှောက်ခဲ့ရာ လူ ၂၀ ဒဏ်ရာ ရရှိခဲ့ပြီး လေးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံ၏ ရထားပို့ဆောင်ရေးလုပ်ငန်း PKP Intercity ၏ ထုတ်ပြန်ချက်အရ အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူဘလင်မြို့မှ ရှချက်စင်သို့ ပြေးဆွဲနေသည့် ရထားသည် ရထားလမ်းဖြတ်ကူးနေရာအတွင်း ဝင်ရောက်လာသည့် ထရပ်ကား တစ်စီးနှင့် တိုက်မိခဲ့ပြီး ရထားတွဲ အချို့ လမ်းချော်သွားခဲ့ခြင်း ဖြစ်သည်။

မတော်တဆမှု ဖြစ်ပွားပြီးနောက် ဗိုလာနော့ဗ်နှင့် ပရိုဆူခါကြား ရထားပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းထားခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်စဉ်နေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်။

**ဆင်ဟွာ**

## ဗြိတိန်နိုင်ငံ၌ နှစ်ရက်အတွင်း လေကြောင်းခရီးစဉ်ပေါင်း ၁၄၀၀ ကျော် ဖျက်သိမ်း

လန်ဒန် စက်တင်ဘာ ၉

ဗြိတိန်နိုင်ငံရှိ လေဆိပ်များသို့ အဝင်အထွက် သွားလာနေကြသည့် လေကြောင်းခရီးစဉ်ပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၈ ရက်က ဖျက်သိမ်းခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင်လည်း လေကြောင်းခရီးစဉ်ပေါင်း ၁၇၇ ခုကို ဖျက်သိမ်းခဲ့သည်။

ဖျက်သိမ်းလိုက်သည့် လေကြောင်းခရီးစဉ်အများစုမှာ လန်ဒန်မြို့ ဟီသရိုးလေဆိပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းခရီးစဉ် ခြေရာခံဝက်ဘ်ဆိုက်ဖြစ်သည့် Flightradar24 တွင် ဖော်ပြထားသည်။

လေကြောင်းထိန်းချုပ်ရေး ထောက်ပံ့မှု NATS တွင် နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် လေကြောင်းပျံသန်းမှု ခရီးစဉ်များ အနှောင့်အယှက်နှင့် အဟန့်အတား ဖြစ်ခဲ့ရကြောင်း မီဒီယာအချို့တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

■

# မုဒုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မုဒုံ စက်တင်ဘာ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျေးလက်ဒေသများဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက ကွေ့ဝမ်းကျေးရွာရှိ ရွာလယ်ဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မင်းအောင်မြင့်က လွှတ်တော်နှင့်ဆိုင်သည့် ကိစ္စရပ်များရှိပါက ပြည်သူများအနေဖြင့် တင်ပြပေးရန်၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကိစ္စများကို လုပ်ဆောင်ပေးရကြောင်း၊ ပြည်သူ့စကားဝိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆိုင်သည့် ကိစ္စများရှိပါက ပြည်သူများအနေဖြင့် တင်ပြကြရန်၊ မုဒုံမြို့နယ်၌ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာနှင့်ရော်ဘာများ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သောကိစ္စရပ်များ တင်ပြပေးသွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်မှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မုဒုံမြို့နယ်စီမံခန့်ခွဲရေး



နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို တင်ပြကြရန်နှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာတက်ရောက်လာကြသည့် ဒေသခံပြည်သူများက ပြန်လည်တင်ပြမှုများကို သက်ဆိုင်ရာဌာနများက ပူးပေါင်းညှိနှိုင်း၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ချောင်းဆုံ စက်တင်ဘာ ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာ အကွက်(၆)၌ ကျေးရွာနေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ရေဂါလန် ၂၄၀၀၀ ဆံ့ ရေစင်ဆောက်လုပ်လျက်ရှိရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး



နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး မှာကြားကာ ခလေ့ကနိုင်းကျေးရွာ၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများသည် ချောင်းဆုံမြို့နယ် ကျွန်းသာယာခန်းမ၌ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ အသိပညာပေး ရှင်းလင်းပွဲသို့ တက်ရောက်ကာ တောင်သူလယ်သမားများ၏ ရပိုင်ခွင့်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို သိရှိထားရန် မှာကြားပြီး ချောင်းဆုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ချေးငွေကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ**
**(ပြန်/ဆက်)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၉** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## နားမခံသာအောင် ဆူညံနေသည့် သံဖြူလုပ်ငန်း တားမြစ်ပေးစေလို

**အယ်ဒီတာခင်ဗျာ**

ကျွန်တော်တို့ နေထိုင်တဲ့ အေးသီတာလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်မှာ နေ့စဉ်ထုရိုက်နေတဲ့ သံဖြူလုပ်ငန်းတစ်ခု ရှိပါတယ်။ ပတ်ဝန်းကျင် နားမခံသာအောင် အချိန်မပြတ် ထုရိုက်၊ ဖြတ်သံများ ဆူညံနေသည်မှာ နှစ်အတော်ကြာနေပြီ ဖြစ်ပါသည်။

လူမှုရေးအရ လူကိုယ်တိုင် အခေါက်ခေါက်အခါခါ ပြောပြီးသော်လည်း နေ့စဉ်ထုရိုက်နေဆဲ ဖြစ်ပါသည်။ ဘယ်လိုမျိုး တားဆီးရမလဲ မသိ ဖြစ်နေပါသဖြင့် အယ်ဒီတာ့ထံ ပေးစာအဖြစ် ပေးပို့ကာ သက်ဆိုင်ရာတာဝန်ရှိသူများ အဆင့်ဆင့် စိစစ်တားမြစ်ပေးပါရန် ပန်ကြားလိုက်ပါသည်။ **ကိုအောင်(မရမ်းကုန်း)**

## စည်းကမ်းမဲ့ကြက်သတ်တဲ ဖယ်ရှားပေးစေလို

**အယ်ဒီတာခင်ဗျာ**

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်အိမ်ရာ စီဘလောက် ၁၄ လမ်းထိပ်၊ တိုက်(၃၈) ခေါင်းရင်းရှိ ပလပ်မြေနေရာတွင် ကြက်များသတ်ဖြတ်၊ ပြုတ်၍ အမွေးနုတ်ကာ ဈေးတွင် ပြန်လည်ရောင်းချသည့် ကြက်သတ်တဲကို ဩဂုတ် ၁၈ ရက်တွင် အခိုင်အမာ ဆောက်လုပ်ထားပါသည်။ အဆိုပါနေရာ၌ ယခင်ကလည်း ရွက်ဖျင်တဲထိုး၍ ကြက်များသတ်ဖြတ်ခဲ့ရာ လမ်းသူလမ်းသားများက သက်ဆိုင်ရာသို့ တင်ပြသဖြင့် စည်ပင်သာယာရေးအဖွဲ့က ဇူလိုင်လတွင် လာရောက်ရှင်းလင်းဖယ်ရှားခဲ့ပါသည်။

သို့သော် ယခုအခါ သွပ်မိုး၊ သွပ်ကာဖြင့် ကြက်သတ်တဲအသစ်ကို ပြန်လည်ဆောက်လုပ်ပြီး နံနက်၊ နေ့လယ်နှင့် ညနေပိုင်းများတွင်ပါ ကြက်များသတ်ဖြတ်လျက်ရှိသဖြင့် မီးခိုး၊ မီးစက်အသံ၊ စွန့်ပစ်ရည်နှင့် ကြက်အမွေးများကြောင့် အနီးဝန်းကျင်နေ အများပြည်သူများ အနှောင့်အယှက်ဖြစ်ရပြီး ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေပါသည်။ ထို့အပြင် ပလပ်မြေပေါ်တွင် ကျူးတဲ အခိုင်အမာ ဆောက်လုပ်ထားခြင်းကြောင့် နောင်တွင် ကျူးတဲများ ထပ်မံ တိုးပွားလာမည်ကိုလည်း စိုးရိမ်နေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများက အဆိုပါ ကြက်သတ်တဲအား ထိရောက်စွာ အရေးယူဖယ်ရှားပေးပါရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို အများပြည်သူသိရှိနိုင်စေရန် သတင်းစာမှတစ်ဆင့် ဖော်ပြပေးပါရန် အယ်ဒီတာမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်။

**ယုဇန င,၁၄ သား**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်း မရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show တေးဂီတဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၁၁-၉-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် မြန်မာဟန်ခေတ်ဟောင်းတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ အဆိုရှင်များ စုပေါင်း၍ "အသည်းထဲမှာ မိုးတွေရွာ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၁၁-၉-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အသည်းထဲမှာ မိုးတွေရွာ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဂုဏ်မြင့်သူ | ပြင်ပအဆိုရှင် |
| ၂။ | မောင့်လိပ်ပြာ | ပြင်ပအဆိုရှင် |
| ၃။ | ဇရာ | တူယှဉ်နွှဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | မေတ္တာအရင်းခံ | ပြင်ပအဆိုရှင် |
| ၅။ | ချယ်ရီလက်ဆောင် ပေးသူရယ် | ပြင်ပအဆိုရှင် |
| ၆။ | ကျွန်မအသည်းထဲမှာ မိုးတွေရွာ | ပြင်ပအဆိုရှင် |
| ၇။ | မမေ့နိုင်တာပဲ ခက်တယ် | ပြင်ပအဆိုရှင် |
| ၈။ | ဂီတရေစီးကြောင်း | ပြင်ပအဆိုရှင် |
| ၉။ | ချစ်မိုးကြီး | ပြင်ပအဆိုရှင် |
| ၁၀။ | ပန်းတမာလား ချစ်သူလား | ပြင်ပအဆိုရှင် |
| ၁၁။ | အောင်စေတီ | ပြင်ပအဆိုရှင် |

## ဧရာဝတီမြစ်ရေ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေ ရှစ်လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေ ခုနစ်လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ဥတုရာသီ၊ တောကိုမှီ၏။

# မြေအောက်ရေပြန်လည်ဖြည့်တင်းဖို့ Check Dam များကို ဆောင်ရွက်စို့

စိုးမောင်(စက်မှုတက္ကသိုလ်)

သက်ရှိသတ္တဝါအားလုံးအတွက် ရေသည် အသက်တမျှ တန်ဖိုးရှိလှပါသည်။ ကမ္ဘာပေါ်တွင် ရေချိုနှင့် ရေငန်ဟူ၍ရှိရာ ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ရေငန်များဖြစ်ပြီး လူသားများ အဓိကအသုံးပြုနိုင်သည့် ရေချိုမှာ သုံးရာခိုင်နှုန်းခန့်သာ ရှိပါသည်။ ထိုရေချိုများအနက် အများစုမှာ ရေခဲတောင်များ၊ ရေခဲမြစ်များအဖြစ်ရှိပြီး အနည်းငယ်သည်သာ မြေအောက်ရေနှင့် မြစ်ချောင်း၊ အင်းအိုင်များ၊ ရေကန်များအဖြစ် တည်ရှိနေပါသည်။

### ကမ္ဘာ့ရေချို /ရေငန် အချိုးအစားများ

ကမ္ဘာ့လူဦးရေတိုးလာသည်နှင့်အမျှ ရေချိုလိုအပ်ချက်သည်လည်း မြင့်တက်လာသဖြင့် ရေချိုရှားပါးမှုပြဿနာ ပိုမိုဆိုးရွားလာနိုင်ပါသည်။ ကုလသမဂ္ဂ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် လေ့လာဆန်းစစ်ချက်များအရ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ သန်း ၁၀၀၀ ကျော်သည် သောက်သုံးရေမရရှိခြင်းနှင့် သန်း ၃၄၀၀ ခန့်သည် ရေချိုရရှိမှု မလုံလောက်ခြင်း ပြဿနာဖြစ်နိုင်သည်ဟု ဖော်ပြသည်ကို လေ့လာမှတ်သားခဲ့ဖူးပါသည်။

ကမ္ဘာ့ရေထုပမာဏ၏ သုံးရာခိုင်နှုန်းခန့်သာရှိသော ရေချိုကို ထုတ်ယူသုံးစွဲနေကြရခြင်းကြောင့် ရေချိုသယံဇာတကို မဖြုန်းတီးဘဲ ထိန်းသိမ်းကာကွယ်သင့်ပါသည်။ ထုထည်ကြီးမားလှသည့် ပင်လယ်သမုဒ္ဒရာကြီးထဲမှရေများ ရေငွေ့ပြန်ခြင်းသည် သက်ရှိသတ္တဝါများအတွက် လိုအပ်သည့် ရေချိုပမာဏကို အဓိကဖြစ်ပေါ်စေပါသည်။ ကုန်းမြေပေါ်တွင် ရွာချလိုက်သည့်မိုးရေများသည် ရေချိုသယံဇာတကို ပြန်လည်ရရှိစေပြီး အဆိုပါရေချိုများသည်လည်း ပင်လယ်ထဲသို့ ပြန်လည်စီးဝင်မှုများရှိသကဲ့သို့ မြေအောက်ရေအဖြစ် မြေကြီးထဲသို့ စိမ့်ဝင်သွားမှုများရှိရာ အဆိုပါမြေအောက်ရေများကို ပြန်လည်ထုတ်ယူအသုံးပြုနိုင်မည် ဖြစ်ပါသည်။ မြေအောက်ရေထုတ်ယူသုံးစွဲမှုများပါက မြေအောက်ရေသယံဇာတဆုံးရှုံးကာ မြေအောက်ရေလွှာ ခန်းခြောက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရန် အရေးကြီးသကဲ့သို့ ရေချိုသုံးစွဲမှုကိုလည်း လိုအပ်သည်ထက် ပိုမိုထုတ်ယူသုံးစွဲခြင်းမပြုရန်နှင့် မြေအောက်ရေပြန်လည်ဖြည့်တင်းခြင်း ဆောင်ရွက်ရန်သည်လည်း အရေးကြီးလှပါသည်။

### ဒေသ၏ အခြေအနေ

မွန်ပြည်နယ်၌ နှစ်စဉ် မိုးရေချိန် လက်မ ၂၀၀ ခန့်အထိ မိုးရွာသွန်းလေ့ရှိပြီး မိုးတွင်းကာလများတွင် စက်ရေတွင်းများနှင့် လက်တူးတွင်းများမှာ သောက်သုံးရေများ လုံလောက်စွာ ရရှိကြပါသည်။ စက်ရေတွင်းများ၏ အနက်ပေမှာ ပေ ၁၀၀ မှ ၁၂၀ ခန့် တူးဖော်ထားပြီး မော်တာနှင့် ကွန်ပရက်ဆာများ တပ်ဆင်အသုံးပြုကြကာ ရေထိပ် ၁၀ ပေခန့် ရှိပါသည်။ လက်တူးတွင်းများတွင် မြေပေါ်မှအကွာအဝေး သုံးပေခန့်အထိ ရေများပြည့်နေသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် မိုးရာသီကာလ ကုန်ဆုံးပြီး ဒီဇင်ဘာလနောက်ပိုင်းတွင် စက်ရေတွင်းများ၏ ရေထိပ်မှာ ပေ ၆၀ ခန့်အထိ ကျဆင်းသွားပြီး တွင်းအနက်ပေ ၁၀၀ ခန့်သာ တူးဖော်ထားသည့် စက်ရေတွင်းများမှာ လေမှုတ်စက်ဖြင့် ရေတင်ရာတွင် ရေထွက်နှုန်း နည်းသွားသည်ကို တွေ့ရပါသည်။ ပေ ၂၀ အထိ တူးဖော်ထားသည့် လက်တူးတွင်းများမှာလည်း ရေလုံးဝမထွက်ဘဲ ခန်းခြောက်သွားတတ်ပါသည်။ လေမှုတ်စက်ဖြင့် ရေတင်ရာတွင် လေပိုက်ကို ရေထဲတွင် နစ်မြုပ်ရမည့်အချိုး (Submergence Ratio) ကိုက်ညီမှုမရှိသည့်အတွက် ရေမထွက်ခြင်း၊ ရေထွက်နည်းခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်၊ ကရင်၊ တနင်္သာရီဒေသများမှာ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဒေသများနှင့် နှိုင်းယှဉ်ပါက မုတ်သုန်လေ စောစောဝင်ရောက်တတ်ပြီး မုတ်သုန်လေအထွက် နောက်ကျတတ်သည့်အတွက် မိုးရာသီကာလ ပိုကြာသည်ကို တွေ့ရှိရပါသည်။ တွင်းတိမ်၊ လက်တူးတွင်းများနှင့် မြေသားရေကန်များအား အဓိကထားပြီး သောက်သုံးရေ ရယူနေကြရသည့်အတွက် မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် သောက်သုံးရေ လုံလောက်မှုရှိသော်လည်း နွေရာသီကာလ၌ သောက်သုံးရေအခက်အခဲများ ကြုံတွေ့ကြရပါသည်။ နွေရာသီကာလ သောက်သုံးရေခက်ခဲသည့် ကျေးရွာများအား လေ့လာချက်အရ တွင်းနက်အသုံးပြုနေသည့် ကျေးရွာများထက် တွင်းတိမ်၊ လက်တူးတွင်း၊ စိမ့်စမ်းနှင့် မြေသားရေကန်များကို အသုံးပြုသောကျေးရွာများက သောက်သုံးရေခက်ခဲမှု ပိုမိုရင်ဆိုင်ကြုံတွေ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။

### ရေရှားပါးမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်း

မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းအတွက် စာရေးသူဆောင်ရွက်ခဲ့သည့် အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း ကွင်းဆင်းဆောင်ရွက်စဉ် မွန်ပြည်နယ် ပေါင်မြို့နယ် ကရင်စုကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာ၌ နွေရာသီ ရေရှားပါးမှုပြဿနာကို သိရှိခဲ့ရပါသည်။ ကျေးရွာတွင် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး လက်တူးတွင်းများကို အဓိကအားထား၍ အသုံးပြုကြသော်လည်း နွေရာသီကာလတွင် လက်တူးတွင်းများ ရေခန်းခြောက်သဖြင့် ကျေးရွာရှိ မိသားစုများ ရေကို မျှဝေသုံးစွဲကြရပါသည်။

ကျေးရွာသားများ၏ ရှင်းလင်းတင်ပြချက်အရ ကျိုက ချောင်းသည် မိုးရာသီတွင် ရေများ အဆက်မပြတ်စီးဆင်းသော်လည်း နွေရာသီတွင် ချောင်းထဲ၌ ရေမကျန်ရှိသည့်အတွက် ရေများ ကျန်ရှိစေရေး မြေသားဖြင့် ရေတားတမံပြုလုပ်ကာ ရေကာရကြောင်း၊ အဆိုပါ ရေတားတမံထဲတွင် ရေရှိပါက ကျေးရွာရှိ လက်တူးတွင်းများ ရေခန်းခြောက်မှု မရှိကြောင်း၊ မိုးများပါက မြေသားတမံမှာ ရေစီးနှင့် ပါသွားသည့်အတွက် နှစ်စဉ် ပြန်လည်ဆောင်ရွက်ရကြောင်း၊ နောက်ပိုင်းတွင် ဆောင်ရွက်ရသည့် ကုန်ကျစရိတ်များသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ ရေတွင်းများလည်း ရေခန်းခြောက်လာပြီး နွေရာသီသောက်သုံးရေ ရှားပါးမှုကြုံတွေ့ရကြောင်း သိရှိခဲ့ရပါသည်။

ကွင်းဆင်းလေ့လာမှုအရ ချောင်းတစ်လျှောက်တွင် သဘာဝကျောက်တုံးများ ပေါများစွာ တွေ့ရှိရသဖြင့် ၎င်းကျောက်တုံးများဖြင့် ရေတားတမံ Check Dam များ တည်ဆောက်ပါက ရေများ ထိန်းထားနိုင်ပြီး မြေအောက်ရေပြန်လည်ဖြည့်တင်းခြင်းအတွက် အထောက်အကူပြုနိုင်ကြောင်း၊ နွေရာသီရေရှားပါးမှု အခက်အခဲကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် ကရင်စုကျေးရွာ သောက်သုံးရေ အခက်အခဲဖြေရှင်းနိုင်ရေး စမ်းချောင်းတစ်လျှောက်တွင်ရှိသည့် ကျောက်တုံးများကို လူလုပ်အားဖြင့် စုဆောင်းသယ်ယူကာ Check Dam များ ဆောင်ရွက်ခြင်းကို Cash For Work (CFW) လုပ်အားခပေး ဖွံ့ဖြိုးရေးစီမံကိန်း၏ Pilot အနေဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။



ပေါင်မြို့နယ် ကရင်စုကျေးရွာ၌ Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် Check Dam ကို တွေ့ရစဉ်။

### Check Dam များ စတင်တည်ဆောက်ခြင်း

ကရင်စုကျေးရွာအနီး စီးဆင်းနေသည့် ကျိုကစမ်းချောင်းကို အသေးစိတ် သွားရောက်လေ့လာခဲ့ပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါသည်။ Cash For Work စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး Check Dam ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို အသေးစိတ် ဆွေးနွေးခဲ့ပါသည်။ ကရင်စုကျေးရွာတွင် အဆိုပါကာလက ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်နေကာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နေရပ်ပြန်လာသူ ၁၅ ဦးရှိပြီး အိမ်ထောင်စု၏ သုံးပုံ နှစ်ပုံခန့်မှာ နေ့စားလုပ်သားများ ဖြစ်ပါသည်။ Cash For Work စီမံကိန်းဆောင်ရွက်ခွင့်ရမည်ဆိုပါက စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေသော နေ့စားလုပ်သားများအတွက် များစွာအထောက်အကူဖြစ်နိုင်သည်ကို ကျေးရွာသူ ကျေးရွာသားများ၏ စကားသံများက သက်သေထူလျက်ရှိပါသည်။

ကျေးရွာသူ ကျေးရွာသားများ၏ စိတ်အားထက်သန်မှုနှင့်အတူ မိုးရာသီကာလ သောက်သုံးရေ ပေါများပြီး နွေရာသီကာလတွင် ရေအခက်အခဲကြုံတွေ့ရသည့် မွန်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် မြေအောက်ရေပြန်လည်ဖြည့်တင်းသည့် Check Dam လုပ်ငန်းကို Pilot အဖြစ် Cash For Work စီမံကိန်းဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

Check Dam ကို ကျောက်တုံးများ၊ သဲ (သို့မဟုတ်) သဲအိတ်များ၊ သစ်လုံးများ စသည်တို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ Check Dam များသည် စီးဆင်းလာသည့် ရေများကို အတားအဆီးပြုလုပ်၍ ရေစီးနှုန်းကိုလျှော့ချပြီး ရေများ မြေကြီးအတွင်းသို့ ပိုမိုစိမ့်ဝင်စေကာ မြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးသည့် ရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာသောနည်းလမ်းတစ်ခု ဖြစ်ပါသည်။

Check Dam ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် Cash For Work စီမံကိန်းလုပ်ငန်း ရေရှည်တည်တံ့စေရေးကိုလည်း အလေးထား ဆောင်ရွက်ခဲ့ပါသည်။ Check Dam ဆောင်ရွက်ရန် ချောင်းနံဘေးရှိ ဝါးများဖြင့် တုတ်ရိုက်ခြင်း၊ ကျောက်တုံးများ စီချနိုင်ရန် ဝါးဖြင့်ပုံဖော်ခြင်း၊ ကျောက်တုံးများ ရေစီးတွင် မပါသွားစေရန် ဝါးကပ်များဖြင့်ကာရံခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆောင်ရွက်မည့် Design ပေးပို့တင်ပြခြင်း၊ ရုံးချုပ်၏အကြံပြုချက်ရယူ ခြင်းဖြင့် Check Dam ကို ဆောင်ရွက်ခဲ့ပါသည်။

Cash For Work စီမံကိန်းညွှန်ကြားချက်နှင့်အညီ ချောင်းပတ်ဝန်းကျင်ရှိ ကျောက်တုံးများကို လူအားဖြင့် စုဆောင်းသယ်ယူခြင်း၊ Check Dam ပြုလုပ်ခြင်းတို့ကို ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခဲ့ပါသည်။ လုပ်အားခအနေဖြင့် ထိုစဉ်က သတ်မှတ်ထားသည့် လူတစ်ဦးလျှင် တစ်ရက် လုပ်အားခကျပ် ၄၈၀၀ နှုန်းပေးချေပြီး ကျေးရွာပြည်သူလူထုသဘောတူညီချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ အများအကျိုးအတွက် ဆောင်ရွက်လိုသည့် စိတ်စေတနာအကျိုးပေးသည် ဆိုသည့်အတိုင်း ချောင်းအနီး ပတ်ဝန်းကျင်တွင်ရှိသည့် ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လုပ်ကွက်ငယ်နှစ်ခုမှလည်း ၎င်းတို့လုပ်ကွက်ရှိ ကျောက်များကို လုပ်ငန်းဆောင်ရွက်မည့် Check Dam နေရာသို့ အခမဲ့ အရောက် ပေးပို့ကူညီသည်ကို တွေးမိတိုင်း ယနေ့တိုင် ဝမ်းသာပီတိ ဖြစ်ရပါသည်။

စီမံကိန်းခွင့်ပြုငွေကျပ်သိန်း ၁၀၀ ဖြင့် မူလက Check Dam ငါးခုသာ ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း

*စာမျက်နှာ ၁၇ သို့*

> ❂ **Check Dam ကို ကျောက်တုံးများ၊ သဲ (သို့မဟုတ်) သဲအိတ်များ၊ သစ်လုံးများ စသည်တို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ Check Dam များ သည် စီးဆင်းလာသည့်ရေများကို အတားအဆီးပြုလုပ်၍ ရေစီးနှုန်းကို လျှော့ချပြီး ရေများ မြေကြီးအတွင်းသို့ ပိုမိုစိမ့်ဝင်စေကာ မြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးသည့် ရိုးရှင်းပြီး ကုန်ကျစရိတ် သက်သာသော နည်းလမ်းတစ်ခု ဖြစ်ပါသည်**

## သာယာဝတီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**သာယာဝတီ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၇ ရက်က စမ်းတွင်းကျေးရွာ လယ်တီတောရကံမြင့်ကျောင်းတိုက် သိင်္ဂီရွှေစင်ဓမ္မာရုံ၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းတံတားနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်းအရာများ၊ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာအကြောင်းအရာများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်အညွှန်းအမှတ်အသားအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## ဖျာပုံမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဖျာပုံ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆)သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုရားတန်ဆောင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်းမှ လေ့လာခဲ့ရသော ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ ခြေချုပ်ခံဝန်ဥပဒေ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေများအကြောင်းကို ဆွေးနွေးပို့ချပေးကာ ဖျာပုံမြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိဦးသိန်းထွန်းဝင်းက ဥပဒေရေးရာအဖြာဖြာနှင့် မူးယစ်ဆေးဝါးအကြောင်း၊ သက်ငယ်မုဒိမ်းဖြစ်ပွားရခြင်းအကြောင်းအရာများ စသောဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးပို့ချပေးခဲ့ကြောင်း၊



ဆင့်ပွားသင်တန်းသို့ ချောင်းတွင်း ကျေးရွာအုပ်စုမှ သင်တန်းသား ၁၅၀ ကျော်နှင့် သင်တန်းသူ ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ စုပေါင်းသွေးလှူဒါန်းနေကြသည့် ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၉ ဦးတို့အား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဇော်၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ရဲတင့်(ပြန်/ဆက်)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယုနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက်က ရွှေဟောင်းသမိုင်းဝင် ရတနာမဂ္ဂုဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





## မြန်အောင်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်

**မြန်အောင် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်အောင်မြို့နယ် ဥပဒေအရာရှိ ဒေါ်ခင်ခင်လေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျေးရွာအုပ်စုများအတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ဥပဒေပညာဆိုင်ရာ စိတ်ပါဝင်စားသူများနှင့် ဒေသခံပြည်သူများအား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၈) တပ်ဖွဲ့ခွဲ (ပဲခူး) သတင်းရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူခြင်းကို စက်တင်ဘာ ၈ ရက်က ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ပြုလုပ်ရာ အမှတ်(၈)တပ်ဖွဲ့ခွဲ(ပဲခူး) သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်သူဦးဆောင်ကာ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းစဉ်။ သက်ထက်

**ထာဝရကုသိုလ်ရယူဖို့**
**သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

*စာမျက်နှာ ၁၆ မှ*

Check Dam အတွက် ကျောက်တုံးများ လုပ်ငန်းခွင်အရောက် ပို့ဆောင်ကူညီပေးခဲ့သည့်အတွက် Check Dam ၁၂ ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီး Cash For Work စီမံကိန်း၏ ရည်ရွယ်ချက်အတိုင်း လုပ်အားခကို စီမံကိန်းခွင့်ပြုငွေ၏ ၉၀ ရာခိုင်နှုန်းအထိ ပေးချေကာ ပစ္စည်းဝယ်ယူခြင်းနှင့် အထွေထွေအသုံးစရိတ်အတွက် ၁၀ ရာခိုင်နှုန်းသာ သုံးစွဲခဲ့ပါသည်။ လုပ်အားခနှင့် ပစ္စည်းအချိုး ၉၀:၁၀ အထိ Cash For Work စီမံကိန်း၏ Pilot လုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### အကျိုးကျေးဇူး

ပေါင်မြို့နယ် ကျုံကကျေးရွာအုပ်စု ကရင်စုကျေးရွာ၌ ကျောက်စီရေတားတမံ Check Dam မဆောင်ရွက်မီက နှစ်စဉ် နွေရာသီတွင် ကျေးရွာရှိ လက်တူးတွင်းများ ရေခန်းခြောက်ကာ ရေရှားပါးမှုဒဏ်ကို ခံစားခဲ့ရသော်လည်း Check Dam ဆောင်ရွက်ပြီးနောက်ပိုင်း နွေရာသီရေရှားပါးမှုဒဏ် မခံစားရတော့ဘဲ ကျေးရွာရှိ လက်တူးတွင်းများနှင့် ဘေးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လက်တူးတွင်းများလည်း ရေခန်းခြောက်မှုမရှိတော့သည်ကို အကျိုးကျေးဇူးများအနေဖြင့် ယနေ့ထိတိုင် ခံစားနေကြရဆဲ ဖြစ်ပါသည်။ Check Dam များ တည်ဆောက်ခြင်းဖြင့် မြေအောက်ရေပြန်လည်ဖြည့်တင်းနိုင်ခြင်း၊ လက်တူးတွင်းများ ရေခန်းခြောက်မှုသက်သာခြင်း၊ ရေထွက်နှုန်းတည်ငြိမ်စေခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်း၊ သဘာဝပတ်ဝန်းကျင်စိုပြည်စေခြင်း၊ ရေရှားပါးမှုကို လျော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

### သန့်ရှင်းသော သောက်သုံးရေရရှိရေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၆) (SDG Goals 6) နှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် လူသားအားလုံး သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေ လုံလောက်မျှတစွာရရှိရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ တွင်းတိမ် ၆၆၉၆ တွင်း၊ တွင်းနက် ၈၉၁၁ တွင်း၊ လက်တူးတွင်း ၄၂၆၁ တွင်း၊ မြေသားရေကန် ၅၃၉၈ ကန်၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၅၁၉၄ ခုနှင့် အခြားဆက်စပ်လုပ်ငန်း ၁၂၈၉၀ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများကို ကျေးလက်ဦးစီးဌာနအပြင် အခြားဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များကလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့အပြင် ကျေးရွာအတွင်း ပုဂ္ဂလိကပိုင်တွင်းတိမ်များ၊ လက်တူးတွင်းများတူးဖော်ခြင်းဖြင့်လည်း မြေအောက်ရေကို ရယူသုံးစွဲလျက် ရှိကြပါသည်။ လူသားများအနေဖြင့် အလွန်နည်းသည့် ရေချိုကို မြေအောက်ရေမှ ထုတ်ယူသုံးစွဲခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် မြေအောက်ရေသယံဇာတဆုံးရှုံးကာ မြေအောက်ရေလွှာများ တဖြည်းဖြည်း ခန်းခြောက်သွားနိုင်ပါသည်။ ထို့ကြောင့် မိုးရာသီကာလ မိုးရေစီးဆင်းသည့်နေရာများ၊ စိမ့်ထွက်များ၊ ချောင်းငယ်၊ မြောင်းငယ်များမှ ရေများစီးဆင်းသည့်နေရာများတွင် ကုန်ကျစရိတ်သက်သာသော Check Dam များ ပြုလုပ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ရေအရင်းအမြစ်များမှ ရေကို ထုတ်ယူအသုံးပြုခြင်းသာမက မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်းကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်သင့်ပေသည်။ ကုန်ကျစရိတ် သက်သာပြီး ထိရောက်အကျိုးရှိသော Check Dam များကို နိုင်ငံတစ်ဝန်းရှိ သင့်လျော်သည့် စမ်းချောင်းများတွင် ပြုလုပ်ပေးခြင်းဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းခြင်း၊ ရေချိုအရင်းအမြစ် ထိန်းသိမ်းခြင်းအတွက် ထိရောက်မှု ရှိနိုင်ပါသည်။ ထို့ကြောင့် ယခုနှစ် မိုးရာသီမှအစပြုကာ Check Dam ငယ်များကို မြန်မာနိုင်ငံ အနှံ့အပြား တစ်နိုင်တစ်ပိုင် ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားရင်း နွေရာသီကာလ သောက်သုံးရေခက်ခဲမှုများ ဖြေရှင်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

■ ■ ■

## ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**ပုသိမ် စက်တင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးဝင်းမြိုင်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စန္ဒာကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ နေရာထိုင်ခင်းအဆင်ပြေမှု ရှိ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်းဖွင့်

**ကျောက်ကြီး စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းက



မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ပဲခူးရပ်ကွက်နှင့် ကပ်ကျေးရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆ )ပို့ချရာ မြို့နယ်ဥပဒေအရာရှိ ဦးကျော်စွာထွန်းနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း ရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ လောင်းကစားဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖြူးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်းပေး

**ဖြူး စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဥပဒေရုံး၏ကြီးကြပ်မှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွား သင်တန်း (၁/၂၀၂၆)ကို စက်တင်ဘာ ၉ ရက်တွင် ထန်းကုန်းရပ်ကွက် ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ရာ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းများဖြစ်ကြသည့် ထန်းကုန်း၊ အုတ်ဖြတ်၊ သိမ်ကုန်း၊ ဘူတာမြောက်၊ ဘူတာတောင်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သင်တန်းသား ပြည်သူ ၉၄ ဦးအား ဥပဒေဆိုင်ရာ သိမှတ်စရာများကို



ဆွေးနွေးပို့ချပြီး မြို့နယ်ဥပဒေအရာရှိ ဦးသူရဝင်းက ထပ်မံရှင်းလင်းပို့ချခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် ရေသန့်ကတ်များနှင့် ဖယောင်းတိုင်အထုပ်ကြီးများလှူဒါန်း

**ရေကြည် စက်တင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းလှူဒါန်းသည့် ရေသန့်ကတ်များနှင့် ဖယောင်းတိုင်အထုပ်ကြီးများကို မြို့နယ်သဘာဝ



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ယနေ့နံနက်ပိုင်းက လှူဒါန်းသည်။ ရေကြည်မြို့နယ်တွင် ရေကျော်စီးဝင်ခြင်းကြောင့် ယာယီရေဘေးရှောင်ပြောင်းရွှေ့ရာနေရာ ကိုးခုလူဦးရေ စုစုပေါင်း ၁၂၁၅၃ ဦးတို့ကို မြို့နယ်အတွင်းရှိ အားကစားရုံ၊ shelter၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး ပရဟိတအဖွဲ့အစည်းများကလည်း သွားလာရေးအဆင်ပြေချောမွေ့စေရန် အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း စက်တင်ဘာ ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ဆောင်ရွက်ထားရှိသည့် ကျေးလက်လမ်းများကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရောဝတီတိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လှ၊ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က မြို့နယ်အတွင်း ဆောင်ရွက်ထားရှိသည့် ကျေးလက်လမ်းအခြေအနေများနှင့် ချောင်းကြီး-ကျောက်ပျဉ်အိုင်လမ်း ရေကျော်နေသည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး



လမ်းရေရှည်တည်တံ့ ကောင်းမွန်းစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်မြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပြည် စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ရတနာပါဒဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မျိုးဝင်း၊ မြို့မရဲစခန်းစခန်းမှူး ဒုတိယရဲမှူး ဟန်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဝဏ္ဏထွန်း (ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ဘဲမွေးမြူရေး လုပ်ငန်းအတွက် လိုအပ်သော ပံ့ပိုးချေးငွေပေးအပ်

**တိုက်ကြီး စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင် စိုက်ပျိုးရေးသမဝါယမအသင်း၏ ဘဲမွေးမြူရေးလုပ်ငန်း One Product One Village(OVOP) အတွက် လိုအပ်သော ပံ့ပိုးချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ရွာသာကျေးရွာမှ ဘဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသင်းသား တောင်သူဦးမျိုးနိုင်အား လိုအပ်သည့် ပံ့ပိုးချေးငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ခွဲတမ်းရစားအုန်းဆီ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော စားအုန်းဆီအရောင်းဆိုင်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချစေရေး စက်တင်ဘာ ၉ ရက်တွင် ညောင်လေးပင်မြို့ပေါ်ရှိ စားအုန်းဆီအရောင်းဆိုင်များ၌ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ (စုံစမ်းရေး) ဦးမျိုးမင်းမင်းနှင့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊
ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။



## ရေနံချောင်းမြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အသိပညာပေး

**ရေနံချောင်း စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မိုးညိုတို့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **ချိုမီအောင်(ပြန်/ဆက်)**

## ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသိဒ္ဓိခန်းမ။ |
| (ဌ) **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

MRESA FIABCI APRENA ARENA

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)

(Reg No.115482351 / Date . 28.6.2012) ၏

၂၀၂၆ - ၂၀၂၉ ခုနှစ်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ အိမ် ခြံ မြေ ဝန်ဆောင်အသင်း(ဗဟို)၏ အမှုဆောင်ကော်မတီ (Executive Committee)၊ အသင်း(ဗဟို) အလုပ်အမှုဆောင်ကော်မတီ (Central Executive Committee) ရွေးချယ်တင်မြှောက်ခြင်းကိုအသင်းစတင်၍ သန္ဓေတည်သည့် အသင်းအဖွဲ့အစည်းမှတ်ပုံတင်ခြင်းအား အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)တွင် အတည်ပြုခဲ့သည့် အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း(၂၀၁၈)၏ စည်းမျဉ်းအပိုဒ် ၄(ဂ)နှင့်(ဓ)၊ ၁၉(စ)၊ ၃၅ နှင့် ၆၀ တို့အရ ၂၀၂၆ - ၂၀၂၉ (၃)နှစ် သက်တမ်းအတွက် အသင်းသားများ၏ ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အသင်း၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို အသင်းသားများ၏ စုံညီသဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏ စိတ်အားထက်သန်သော အဆိုပြုလွှာများကို အချိန်မီ တင်သွင်းနိုင်ပါရန် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါ သည်။

၂။ (၈-၁၀-၂၀၂၆)ရက်၊ ကြာသပတေးနေ့၊ နံနက်(၉:၀၀)နာရီမှ နေ့လည်(၁:၀၀)နာရီအချိန်ထိ ရွေးချယ်ပွဲအား ကျင်းပပြုလုပ်ပါမည်။

၃။ အဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် အောက်ပါအချက်များနှင့် ပြည့်စုံသူ မည်သူမဆို တင်သွင်းနိုင်ပါသည်-

- (က) အသင်းဝင်သက်တမ်း ၁ နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- (ခ) အသင်းမှပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) စမတ်ကတ် သက်တမ်းတိုးပြီးသူဖြစ်ရမည်။
- (ဃ) အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(၂၀၁၈)ပါအချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။
- (င) အဆိုပြုလွှာများအား မြန်မာနိုင်ငံ အိမ် ခြံ မြေ ဝန်ဆောင်မှုအသင်းရုံး၊ အမှတ် (၁၇၃/၁၇၅)၊ အခန်းအမှတ်(၄၀၁)၊ (၅-လွှာ)၊ ၊ ပန်းဆိုးတန်းလမ်းမကြီး (အလယ် ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ (၈-၉-၂၀၂၆)ရက်နေ့မှ (၃၀-၉-၂၀၂၆) ရက်နေ့အထိ ကိုယ်တိုင်လာရောက် ဖြည့်သွင်းရမည်။
- (စ) ဆက်သွယ်ရန်ဖုန်း - ၀၉ ၂၆၈ ၈၀၀ ၅၆၅၊ ၀၉ ၇၉၆ ၆၈၁ ၉၁၆

အဆိုပြုလွှာစိစစ်ရေးကော်မတီ
မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ ဂရုဏာလမ်း၊ မြေကွက်အမှတ် (၈၀၂)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးလှကြိုင် (၁၂/ဗဟန (နိုင်) ၀၀၈၇၃၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မာဝင်း (၁၂/လကန (နိုင်) ၂၁၇၃၃၆)ထံမှ ကျွန်မ ဒေါ်စန္ဒာကျော်လင်း(၇/သဝတ(နိုင်)၀၀၀၆၈၀)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာကျော်လင်း(၇/သဝတ(နိုင်)၀၀၀၆၈၀)
၀၉- ၇၉၁ ၉၆၁ ၆၄၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၆၂၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်မောင်သင်း (၁၂/လမန (နိုင်) ၀၁၂၃၈၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစည်သူဟိန်း (၅/မရန (နိုင်) ၂၂၀၆၄၇)ထံမှ ကျွန်မ ဒေါ်ယုယုဌေး (၁၂/လမတ(နိုင်) ၀၂၄၁၂၃)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုယုဌေး (၁၂/လမတ(နိုင်) ၀၂၄၁၂၃)
၀၉- ၅၀၅ ၀၄၄၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ အ.ထ.က(ခွဲ)ကျောင်း (Grade-9)တွင် ပညာသင်ယူနေသော မယွန်းယွန်းသော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၉/ပဥလ(နိုင်)၀၀၇၀၅၀ ဖြစ်ပါကြောင်း။

ဦးခင်မောင်စိုး

## အမည်မှန်

တနသ်ာရီမြို့နယ်၊ အထက-မော်တုန်း Grade-2 တွင် ပညာသင်ယူနေသော အဘ ဦးဆွေမျိုးအေး ၏သမီး မသွန်းအိမ်စည် ၏ အမည်မှန်မှာ မသွန်းနေခြည်သန့် ဖြစ်ပါကြောင်း။

မသွန်းနေခြည်သန့်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း (Grade -12) တွင် ပညာသင်ကြားနေသော မခင်သန္တာဆွေ ၏ဖခင်အမည်မှန်မှာ ဦးအောင် (၈/စလန(နိုင်)၀၈၈၀၆၈) ဖြစ်ပါကြောင်း။

ဦးအောင်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ အ.ထ.က(ခွဲ)ကျောင်း(Grade-9)တွင် ပညာသင်ယူနေသော မောင်ရဲရင့်နိုင် ၏ ဖခင်အမည်မှန်မှာ ဦးမြနိုင် ၉/သစန(နိုင်)၀၁၃၆၄၇ ဖြစ်ပါကြောင်း။

ဦးမြနိုင်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ အ.ထ.က(ခွဲ)ကျောင်း(Grade-9)တွင် ပညာသင်ယူနေသော မပြည့်ဖူးလှိုင် ၏ ဖခင်အမည်မှန်မှာ ဦးစန်းမြိုင် ၉/သစန(နိုင်)၁၄၁၀၀၁ ဖြစ်ပါကြောင်း။

ဦးစန်းမြိုင်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊ (က/၄)လမ်း၊ မြေကွက်အမှတ် (၃၇၂/ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာ (၀.၀၂၇၅) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ (မိခင်) ဒေါ်အမာရီ ၁၂/အစန(နိုင်)၀၃၅၀၆၂ မှ သားဖြစ်သူ ဦးဇော်ဝင်းရှိန် ၁၂/အစန(နိုင်)၁၈၉၀၂၅ သို့ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။ မိခင်ဖြစ်သူမှသားဖြစ်သူသို့ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းကို ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုယုနွယ် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)
အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၅၀၀၆၅၂၇၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ် (၁၉၀)၊ မြေဧရိယာ(၀.၁၃၆)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးဝင်းအောင် ၉/ကပတ(နိုင်)၁၆၉၂၆၅ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်၊ ပြည်ကြီးမဏ္ဍိုင် (၁) လမ်း၊ အမှတ်(၇၅၉) နေ ဦးမြတ်ထူးအောင်-ဒေါ်ထွေးစိန် တို့၏သားဖြစ်သူ မောင်တိုးတိုး၏ အမည်မှန်မှာ မောင်ဘုန်းထက်လင်း ဖြစ်ပါကြောင်း အများသိရှိခေါ်ဆိုနိုင်ရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းခိုင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၄၁)
အမှတ် (၇၃၇/ခ)၊ သူကြွယ် (၁) လမ်း၊ (၁၂) ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၁၂၁၄၄၉၊ ၀၉-၇၇၁၀၉၃၇၅၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄ တောင်ရပ်ကွက်၊ အောင်သစ္စာလမ်း (၂) လမ်း၊ အမှတ် (၈၆၇/က) အမည်ရှိ တစ်ခန်းထဲ ခြောက်ထပ်တိုက်၏ စတုတ္ထထပ် (၅လွှာ) (A-5)(၁၈ ပေ x ၅၄ ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်ထွန်းထွန်းလှိုင် ၅/ကလထ(နိုင်)၀၁၂၂၈၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နဒီဝင်း ၁၂/ဒဂဆ(နိုင်)၀၁၄၆၇၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နဒီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာဦး (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၄၂၀၃)
ဖုန်း -၀၉-၄၂၈၂၉၃၉၅၄
ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

## အများသိစေရန်ကြေညာခြင်း

